# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု**

ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံး အနာရောဂါ မည်၏။ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံး ဆင်းရဲ မည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။ ပညာရှိသည် ဤသို့ဟုတ်တိုင်းမှန်စွာသိ၍ နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပြု၏။

သုခဝဂ် (ဓမ္မပဒ - ၂၀၃)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၀၃၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

# အခွန်ကောက်ခံရာတွင် အခွန်နှုန်းထားကို တိုးမြှင့်ကောက်ခြင်းမရှိဘဲ ရသင့်ရထိုက်သည့် အခွန်နယ်ပယ်ကိုချဲ့ထွင်၍ ထိထိရောက်ရောက်ဆောင်ရွက်ခဲ့သည့်အတွက် အခွန်ရရှိမှုတိုးတက်လာသည်ကိုတွေ့ရ

## တာဝန်ရှိသည့်ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်က ရသင့်ရထိုက်သည့်အခွန်အခများကို ပြည့်ပြည့်ဝဝရရှိအောင် ကောက်ခံပေးရန်လို

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့** *ဖတ် စ ရာ*

မဆုံးနိုင်တဲ့ မုန်းတီးမှုတွေနဲ့ Might is Right ခေတ်ကြီးမှာ .... — ဆောင်းပါး စာ ၆

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများ — ပြည်တွင်းသတင်း စာ ၁၅

ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားအထိ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းနေကြရသည့် ပင်လောင်းမြို့နယ်မှ လိမ္မော်သီး — သေးငယ်လတ်စီးပွားရေးလုပ်ငန်း စာ ၁၆

# နိုင်ငံပျက်စီးရေး အကြမ်းဖက်အဖျက်လုပ်ရပ်များ တန်ပြန်ချေမှုန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် အရှေ့မြောက်ဒေသရှိ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ ကြူကုတ်၊ မုန်းကိုး၊ ဖောင်းဆိုင်ဒေသများ၊ ကွမ်းလုံ၊ ချင်းရွှေဟော်နှင့် လောက်ကိုင် စသည့်နယ်စပ်ဒေသများသို့ KIA ၊ MNDAA ၊ TNLA တို့ ပူးပေါင်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်လျက်ရှိရာ တပ်မတော်က လုံခြုံရေးအရ ပြန်လည်တိုက်ခိုက်မှုများ ဆောင်ရွက်နေရသည်ကို တွေ့ရသည်။ အဆိုပါ တိုက်ခိုက်မှုများနှင့် ပတ်သက်၍ အွန်လိုင်းတွင် သတင်းတု၊ သတင်းမှားများစွာတို့ကို လွှင့်တင်နေကြပြီး နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားရေးနှင့် ပြည်သူလူထုအတွင်း ထိတ်လန့်ခြောက်ခြားမှုများ ဖြစ်ပေါ်စေရေးတို့အတွက် မသမာသူများက ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိနိုင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၃) သို့ တက်ရောက် အမှာစကားပြောကြားရာတွင် “မိမိအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့၌ မိန့်ခွန်းပြောကြားရာတွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကို လေးစားလိုက်နာမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် ပြောကြားပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေးနွေးသည့်အချိန်တွင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် မိမိတို့အပေါ်တိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်းကြောင့် မိမိတို့အနေဖြင့် တန်ပြန်ချေမှုန်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။” ထည့်သွင်းပြောကြားခဲ့သည်။

ယခုနှစ် ဇွန်လဆန်းပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် MNDAA ၊ TNLA ၊ AA ကိုယ်စားလှယ်အဖွဲ့တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ အရှေ့တိုင်း ဧည့်ရိပ်မွန်ဟိုတယ်၌ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်ရက်တာ တွေ့ဆုံဆွေးနွေးမှုများတွင် နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာစေရေးကိစ္စ၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးကိစ္စနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းဆွေးနွေးပြီး တစ်ဖက်မှလည်း ဖမ်းဆီးထားသူများ ပြန်လည်လွှတ်မြောက်ရေး၊ မတရားအသင်းမှ ပယ်ဖျက်ရေး၊ မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အမြန်ဆုံးအဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးတို့ကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ပြန်လည်တွေ့ဆုံရန် ဆွေးနွေးခဲ့ခြင်းလည်းဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် အရှေ့မြောက်နယ်စပ်ဒေသများကို အင်အားအလုံးအရင်းသုံးကာ တိုက်ခိုက်ခြင်းတို့ကနယ်စပ်ကုန်သွယ်ရေးပျက်စီးစေရန်၊ လမ်းပန်းဆက်သွယ်မှုများပြတ်တောက်စေရန် စသည့်နိုင်ငံတော်ကို ပျက်စီးစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဆောင်ရွက်ခြင်းဖြစ်သည့်အပြင် ကလေးများအပါအဝင် ဒေသခံတိုင်းရင်းသားပြည်သူများ သေကျေဒဏ်ရာရရှိခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခံရခြင်း၊ ဒေသတွင်းစားသောက်ကုန်ဈေးနှုန်းများ ကြီးမြင့်ခြင်းကြောင့် အခြေခံပြည်သူများ အခက်အခဲကြုံတွေ့ရခြင်း စသည့် သတင်းများကိုလည်း သိရှိရသည်။ ငြိမ်းချမ်းရေးအတွက် လက်ကမ်းခဲ့သော်လည်း ယုံကြည်မှုအပေါ် အမြတ်ထုတ်၍ တိုက်ခိုက်လာမှုအပေါ်တွင်မူ တန်ပြန်ချေမှုန်းရမည်သာ ဖြစ်ပါကြောင်း။ ။

## အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖန်တီး၍ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကိုဆိုသည်ဟု လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှ သက်ဆိုင်ရာလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရဟု လည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကိုအသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များ တည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့ရှိရပြီး ၎င်း E-Book ထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ထုတ်ဝေစာအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များတည်ထောင်၍ E-Book များ ထုတ်ဝေဖြန့်ချိဆောင်ရွက်နေသူများအနေဖြင့် ဥပဒေပုဒ်မ ၁၅ နှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူဆောင်ရွက်ရန်၊ မိမိတို့၏ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါ စည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅(ခ)နှင့်အညီ E-Book Soft Copy (၅)အုပ်/ (၅)စောင်ကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန် လိုအပ်ပါကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ငွေကျပ် ၁၅ သိန်း လှူဒါန်း




**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ နားခိုလျက်ရှိကြသော တပ်မတော်သား အငြိမ်းစားများနှင့် မိသားစုဝင်များအတွက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ( အငြိမ်းစား ) နှင့် ဗဟိုအမှုဆောင် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသို့ ငွေကျပ် ၁၅ သန်းကို သွားရောက် လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား)က တပ်မတော်သားဖြစ်ခဲ့သူ တစ်ဦးအနေဖြင့် သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်းများအား ယခုကဲ့သို့ စောင့်ရှောက်နေသည့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းကြီး ဖြစ်တည်လာရခြင်းကို အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း နှင့် စွန့်လွှတ် စွန့်စားသူများ၏ ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၏ အစွန့်ရှည်တည်မြဲရေးအတွက် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား )က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌဗိုလ်ချုပ်သိန်းထွန်း (အငြိမ်းစား) ထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၄ - ၁၁ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၅)၊ အမှတ် (၄၄)**တွင် ဂမ္ဘီရတောကြီးထဲရှိ တိရစ္ဆာန်များကို ဒုက္ခပေးသော ဖွတ်နဂါးကြီးကို ဘော်ဘော်နှင့်အဖွဲ့က ဝိုင်းဝန်းတိုက်ထုတ်လိုက်သည့်အကြောင်း တင်ဆက်ထားသည့် “ကိုမိုဒိုနဂါး”မျက်နှာဖုံးဇာတ်လမ်း၊ မြောင်းထဲကျသွားသည့်ခွေးလေးကို ကယ်ပေးလိုက်သည့် နီမနှင့်ပုပုတို့သည် ထိုစေတနာ၏ အကျိုးကို ခံစားရကြောင်း တင်ဆက်ထားသည့် “နှစ်ယောက်အတူတူ” နှစ်မျက်နှာကာတွန်း၊ စာမေးပွဲဖြေဆိုရမည့် မောင်ဖိုးထူးကို မိသားစုဝင်များက စိုးရိမ်စိတ်ဖြင့် တစ်ယောက်တစ်မျိုးမှာကြားသည့်အတွက် စိတ်ရှုပ်သွားသည့်အကြောင်း တင်ဆက်ထားသည့် “ဖိုးထူးနဲ့ မိချော-မေ့ကုန်ပြီ” တစ်မျက်နှာကာတွန်း၊ မြန်မာ လူမျိုးဖြစ်သည့်အတွက် မြန်မာစာကို ကျွမ်းကျင်အောင် တတ်မြောက်သင့်ပုံ၊ မြန်မာစာပေဖြင့် လူမျိုးဂုဏ်ကို မြှင့်တင်သင့်ပုံနှင့် စာကို ကြိုးစားသင့်ပုံအကြောင်း တင်ဆက်ထားသည့် “အမြတ်နိုးဆုံးအရာ” နှစ်မျက်နှာကာတွန်း၊ ငှက်သံတွေကို ကြားချင်ပါက ငှက်လှောင်အိမ် ဝယ်စရာမလိုဘဲ သစ်ပင်၊ ပျိုးပင်များ စိုက်ပျိုးသင့်ကြောင်း တင်ဆက်ထားသည့် “ဖိုးလပြည့်” မျက်နှာဝက်ကာတွန်း၊ ကျောင်းတက်ရာတွင် ပညာကို ကြိုးစားသင်ယူသင့်ပုံ၊ စာမတတ်သူ ပပျောက်စေရေးအတွက် ဝိုင်းဝန်းကူညီ ဖေးမသင့်ပုံ၊ သက်ကြီးရွယ်အိုများကိုလည်း စေတနာနှင့် သင်ကြားပေးသင့်ပုံ၊ လူတိုင်းစာတတ်မှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်နိုင်ပုံကို ရေးဖွဲ့ထားသည့် “စာတတ်မြောက်ရေး ဝိုင်းကူပေး” ကဗျာကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင်ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



**❍ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသ၌ MNDAA နှင့် TNLA ပူးပေါင်း အဖွဲ့များက ကိုးကန့်ဒေသအတွင်း နယ်မြေလုံခြုံရေးစခန်းများနှင့် ဌာနဆိုင်ရာရုံးဌာနများကို တိုက်ခိုက်လာမှုများရှိ၊ အလားတူ ကချင်ပြည်နယ်တွင်လည်း လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေလုံခြုံရေးစခန်းများအား တိုက်ခိုက်မှုပြုလုပ်ခဲ့၊ မိမိတို့အနေဖြင့် KIA အဖွဲ့အား နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားမှုမရှိစေရေး သတိပေးခဲ့သော်လည်း ၎င်းတို့အနေဖြင့် အင်အားအလွန်အကျွံသုံး၍ လုံခြုံရေးစခန်းကို တိုက်ခိုက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် လုံခြုံရေးအရ ပြန်လည်ဆောင်ရွက်ခဲ့ရ**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

❑ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသ၌ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့များက ကိုးကန့်ဒေသအတွင်း နယ်မြေလုံခြုံရေးစခန်းများနှင့် ဌာနဆိုင်ရာရုံးဌာနများကို တိုက်ခိုက်လာမှုများရှိကြောင်း၊ အလားတူ ကချင်ပြည်နယ်တွင်လည်း လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေလုံခြုံရေးစခန်းများအား တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် KIA အဖွဲ့အား နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားမှုမရှိစေရေး သတိပေးခဲ့သော်လည်း ၎င်းတို့အနေဖြင့် အင်အား အလွန်အကျွံသုံး၍ လုံခြုံရေးစခန်းကို တိုက်ခိုက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် လုံခြုံရေးအရ ပြန်လည်ဆောင်ရွက်ခဲ့ရကြောင်း။

မိမိအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့၌ မိန့်ခွန်းပြောကြားရာတွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို လေးစားလိုက်နာမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် ပြောကြားပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး ရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေးနွေးသည့်အချိန်တွင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် မိမိတို့အပေါ် တိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်းကြောင့် မိမိတို့အနေဖြင့် တန်ပြန်ချေမှုန်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်

အစိုးရအဖွဲ့ဆိုသည်မှာ တိုင်းပြည်ကို တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ရာထူးများသည် နိုင်ငံရေးရာထူးများ ဖြစ်ကြောင်း၊ အစိုးရအဖွဲ့မှချမှတ်ပေးသည့် မူဝါဒများ၏ လုပ်ငန်းများကို အသေးစိတ်အကောင်အထည်ဖော်ရာတွင် အစိုးရဌာနမှ ဝန်ထမ်းအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အစိုးရများအနေဖြင့် ပြောင်းလဲသော်လည်း အစိုးရဝန်ထမ်းများမှာ ပြောင်းလဲခြင်းမရှိကြောင်း၊ အစိုးရသက်တမ်းတစ်ခုတွင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းနှင့် လုပ်ငန်းများအားလုံးကို မှတ်တမ်းတင်ထားပြီး ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ ဝန်ထမ်းများက အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

နောက်ထပ်တက်လာမည့် အစိုးရအဖွဲ့အနေဖြင့် ၎င်းတို့၏ မူဝါဒများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ရှေ့အစိုးရအဆက်ဆက်မှ ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့် လုပ်ငန်းရပ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တာဝန်ယူ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အစိုးရသက်တမ်းတစ်ခု၌ နိုင်ငံတကာနှင့် ပတ်သက်သည့် စာချုပ်များ၊ ကတိကဝတ်များ၊ သဘောတူညီချက်များ ရှိမည်ဖြစ်ကြောင်း၊ ၎င်းကိုနောက်တက်လာမည့် အစိုးရကလည်း ၎င်းတို့၏မူဝါဒနှင့် ကိုက်ညီလျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရကြောင်း၊ ဆောင်ရွက်မှု ရှိ/မရှိဆိုသည်ကို တည်ဆဲအစိုးရက တာဝန်ယူ၊ တာဝန်ခံရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ပြီးခဲ့သည့် အစိုးရနှင့် အစိုးရအဆက်ဆက်မှ ဆောင်ရွက်ခဲ့သည့် စီမံကိန်းများကိုအခြေခံ၍ တတ်နိုင်သမျှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် ရပ်တန့်နေရသည့် စီမံကိန်းနှင့်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်နေသည့် စီမံကိန်းများနှင့် လုပ်ငန်းရပ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ပြန်လည်စိစစ်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အချို့စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေနှင့် မူဝါဒများနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်နေခြင်းကြောင့် တာဝန်ရှိသူများကို အရေးယူဆောင်ရွက်ရခြင်းများရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

❖ **ငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိ**

❖ **ဆွေးနွေးသည့်အချိန်တွင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းဖြစ်**

❖ **မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့၊ သို့သော် မိမိတို့အပေါ် တိုက်ခိုက်မှုများဆောင်ရွက်လာခြင်းကြောင့် မိမိတို့အနေဖြင့် တန်ပြန်ချေမှုန်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**

### မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်စေရန်အတွက် မရရအောင် လုပ်မည်ဆိုသည့်စိတ်မွေး၍ ဆောင်ရွက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကိုအခြေခံ၍ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးတွင် စပါး၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများ၊ နှစ်ရှည်ပင်များဖြစ်ကြသည့် ကော်ဖီနှင့် ရော်ဘာစိုက်ပျိုးခြင်းများ၊ မွေးမြူရေးတွင် အဓိကစားသုံးကြသည့် ကြက်၊ ဝက်၊ အမဲ၊ ဆိတ်နှင့် ငါးများကို နိုင်ငံအတွင်းစိုက်ပျိုးမွေးမြူနိုင်ကြောင်း၊ ၂၀၁၉ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်တွင် နေထိုင်ကြပြီး တစ်နိုင်ငံလုံးလူဦးရေ၏ ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးကို အဓိက မောင်းနှင်နေသူများဖြစ်ပြီး ၎င်းတို့၏ ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ပေးရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များဖြင့် စက်မှုထုတ်ကုန်များကို ထုတ်လုပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာ ကုန်ပစ္စည်းရောင်းဝယ်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ဆက်စပ်နှီးနွယ်နေသော ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ခြင်းနှင့် နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ပေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အဆိုပါလုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိ/မရှိ ပြန်လည်သုံးသပ်၍ ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှုရှိ/မရှိ၊ မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်မြင်မှု ရှိ/မရှိ ချိန်ထိုးသုံးသပ် ဆောင်ရွက်ကြည့်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** "Keep Moving Forward To Achieve Our Goal" ဆိုသည့်အတိုင်း နိုင်ငံစီးပွားတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

လုပ်ငန်းများ အောင်မြင်စေရန်အတွက် မရရအောင် လုပ်မည်ဆိုသည့်စိတ်မွေး၍ ဆောင်ရွက်သွားမည် ဆိုပါက မျှော်မှန်းသည်ထက် ပိုမိုတိုးတက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ၂၀၂၂ - ၂၀၂၃ ခုနှစ် မိုးတွင်းကာလတွင် တစ်နိုင်ငံလုံး လယ်စပါး စိုက်ပျိုးမှုအနေဖြင့် စိုက်ပျိုးဧက ၁၃ ဒသမ ၁၇ သန်း စိုက်ပျိုးခဲ့ပြီး ပျမ်းမျှ အထွက်နှုန်းအနေဖြင့် ၇၄ ဒသမ ၈၃ ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း၊ မိုးစပါးစိုက်ပျိုးမှု ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၁၀၀ ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး လယ်စိုက်ပျိုးမှု၊ တောင်ယာနှင့် အခြားမြေများ၌ စပါးစိုက်ပျိုးမှုများ အပါအဝင် စုစုပေါင်း စပါးစိုက်ပျိုးမှုမှာ ၁၄ ဒသမ ၉ သန်းရှိပြီး ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၇၃ ဒသမ ၁၁ သန်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း (၄) မျိုးကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးအထွက်နှုန်းများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးရန်လိုကြောင်း၊ မြေပြုပြင်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုပြီး လိုအပ်သည့် မြေဩဇာများ ရရှိရေးအတွက်လည်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို စနစ်တကျ အသုံးပြုရန်လိုကြောင်း။

မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် နှစ်များအတွင်း မိုးတွင်းကာလများ၌ စိုက်ပျိုးရေးကို ထိခိုက်စေနိုင်သည့် ရေပြတ်လပ်မှုများ မရှိခဲ့ကြောင်း၊ မြေအနေဖြင့်လည်း ပြောစရာမရှိကြောင်း၊ သို့သော် စိုက်နည်းစနစ်များ မှန်ကန်စွာဖြင့် ကောက်ကွက်များ ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း၊ ကြဲပက်၍ စိုက်ပျိုးမည့်အစား အနည်းဆုံးတိုက်ရိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမှုများ အောင်မြင်တိုးတက်အောင်ဆောင်ရွက်နိုင်မှသာ GDP များ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများ၌ GDP နည်းပါးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ယင်းကိုအခြေခံသည့် MSME များ အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

- ❑ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်၍ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှုရှိ/မရှိ၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှု ရှိ/မရှိ ချိန်ထိုးသုံးသပ် ဆောင်ရွက်ကြည့်ရန်လို**
- ❑ **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမှုများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်မှသာ GDP များ တိုးတက်လာမည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ယင်းကိုအခြေခံသည့် MSME များ အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်**

### လုပ်ငန်းများ အောင်မြင်စေရေး စနစ်တကျဖြင့် ဆောင်ရွက်

လုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ ချင့်ချိန်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရေး တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် Check ၊ Recheck ၊ Counter Check ဖြင့် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ နေ့စဉ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို Check List များထား၍ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နှင့် နီးနွှယ်နေသည့် လုပ်ငန်းရပ်များ အောင်မြင်စေရေး လူတိုင်းတွင်တာဝန်ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ ရှိရန်လည်းလိုကြောင်း။

ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင် အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် စီမံကိန်းများကိုသာ ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းကြောင်းကြောင့် အကောင်အထည်ဖော်နိုင်ခြင်းမရှိပါက နိုင်ငံတော်အတွက် နစ်နာမှုများစွာ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနများအတွင်း ရာထူးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ လုပ်ငန်းများ ခွင့်ပြုပေးခြင်းများနှင့်ပတ်သက်၍ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း ဥပဒေများကို ကျော်လွန်ဆောင်ရွက်ခြင်း မပြုရန်လိုကြောင်း။

> **“ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိ၊ စီမံကိန်းများ ရေးဆွဲရာတွင် အမှန်တကယ် အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် စီမံကိန်းများကိုသာ ရေးဆွဲဆောင်ရွက်သွားရန်လို၊ အကြောင်းကြောင်းကြောင့် အကောင်အထည်ဖော်နိုင်ခြင်း မရှိပါက နိုင်ငံတော်အတွက် နစ်နာမှုများစွာ ဖြစ်ပေါ်စေနိုင်၊ ထို့အပြင် ဝန်ကြီးဌာနများအတွင်း ရာထူးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ လုပ်ငန်းများ ခွင့်ပြုပေးခြင်းများနှင့်ပတ်သက်၍ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းဥပဒေများကို ကျော်လွန်ဆောင်ရွက်ခြင်း မပြုရန်လို ”**

လုပ်ငန်းများ အောင်မြင်တိုးတက်မှုရှိစေရေး အမှန်တကယ်အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေး ဖန်တီး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြီးခဲ့သည့် စီမံကိန်းများကို ပြန်လည်သုံးသပ်ကြည့်သည့်အခါတွင် မိမိတို့လူမျိုးများအနေဖြင့် အမှန်တကယ် အလုပ်လုပ်ရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ အစိုးရအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဥပမာအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေကိုအကျိုးရှိစွာအသုံးချနိုင်ရေးအတွက် စည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်လာမည်ဆိုပါက ထုတ်ကုန်များပိုမိုထုတ်လုပ်နိုင်ပြီး ဝင်ငွေများ ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေရရှိရေး နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ သက်ဆိုင်သည့် တာဝန်ရှိသူများအနေဖြင့်လည်း နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိခြင်းသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ထိုက်သင့်သည့် တိုးတက်မှုများ ရရှိရန်အတွက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အစိုးရက ချမှတ်ထားသည့် မူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဘဏ္ဍာငွေရရှိရေးနှင့် ပတ်သက်၍ အခွန်ကောက်ခံရာတွင် အခွန်နှုန်းထားကို တိုးမြှင့်ကောက်ခြင်းမရှိဘဲ ရသင့်ရထိုက်သည့် အခွန်နယ်ပယ်ကို ချဲ့ထွင်၍ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည့်အတွက် အခွန်ရရှိမှုတိုးတက်လာသည်ကို တွေ့ရကြောင်း၊ အခွန်နှင့်ပတ်သက်ပြီး တာဝန်ရှိသည့်ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်ပြည့်ဝဝရရှိအောင် ကောက်ခံပေးရန် လိုကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်အပေါ်မူတည်ပြီး ထုတ်လုပ်ရသည့် လုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ် မထိခိုက်စေဘဲ ထုတ်လုပ်၍ရသည့် လုပ်ငန်းနှစ်မျိုးရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် မူတည်၍ ထုတ်လုပ်ရသည့် သယံဇာတပစ္စည်း ထုတ်လုပ်မှုများသည် သတိထားရပြီး နိုင်ငံတကာတွင်လည်း ကန့်သတ်ချက်များဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိဘဲ ထုတ်လုပ်ရနိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများအပေါ် အခြေခံပြီး ဆောင်ရွက်သည့် စက်ရုံများနှင့် ဝန်ကြီးဌာနပိုင် စက်ရုံ၊ အလုပ်ရုံများ ရှိကြောင်း၊ ယင်းစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုများကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်း။

မျိုးဆက်သစ်များကို အမွေပေးနိုင်ရန်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန်၊ ဗလငါးတန် ကောင်းမွန်ပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းလိုစိတ်ရှိလာစေရန် အဓိကရည်ရွယ်ပြီး အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ပြန်လည်ကျင်းပပေးခဲ့ပါကြောင်း၊ ယခုအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို မိမိကိုယ်တိုင် အလေးထား တက်ရောက်အားပေးခဲ့ပါကြောင်း၊ အမျိုးသားရေးအရ ဆောင်ရွက်ရမည့်ပွဲကြီးဖြစ်သဖြင့် လူအား၊ ငွေအား၊ အချိန်အား များစွာစိုက်ထုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ အမျိုးသားရေးအရ ဆောင်ရွက်ရသည့်ပွဲကြီးကို အားလုံးဝိုင်းဝန်းအားပေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို နှစ်လကြာဆောင်ရွက်မည်

**ထားဝယ် နိုဝင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်ကောင်ရေစာရင်းစတင်ကောက်ယူခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**အကျိုးကျေးဇူးများစွာရနိုင်**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ၂၀၂၃ ခုနှစ် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးလုပ်ငန်းစီမံချက်ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာလည်း တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်း လုပ်ငန်းကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပြီး နိုဝင်ဘာ ၁ ရက်မှ စတင်ကာ ဒီဇင်ဘာ ၃၁ ရက်အထိ ကောက်ယူ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒေသအတွင်း စားရေရိက္ခာဖူလုံမှုကို ခန့်မှန်းတွက်ချက်နိုင်ပြီး ပြည်တွင်း ပြည်ပဈေးကွက်လိုအပ်ချက်နှင့်အညီ မွေးမြူထုတ်လုပ်မှုအစီအမံများ ချမှတ်နိုင်ခြင်း၊ တိုင်းဒေသကြီး၏ စီးပွားရေးကို အထောက်အကူပြုနိုင်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျောက်မော်ကြီးရပ်ကွက် မွေးမြူရေးခြံများတွင် ကြက်၊ နွား၊ ဆိတ်၊ ဝက် စာရင်းကောက်ယူနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။


**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၁၀) ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၀) ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ် (10th Beijing Xiangshan Forum) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယိုရှား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ သီးသန့်တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး တွေ့ဆုံပွဲ၌ ဗိုလ်ချုပ်ကြီး ကျန်းယိုရှားက တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးသည် ယခင်ကထက် ပိုမိုတိုးတက်ခိုင်မာလာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်လာစေရေး အတွက် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ကူညီပေးသွားမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများတွင် လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်အတူ ဆောင်ရွက်သွားမည်ဟုလည်း မျှော်လင့်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မဟာဗျူဟာမြောက် အပြန်အလှန် ယုံကြည်မှုကို နက်ရှိုင်းအောင် ဆောင်ရွက်ရန်အသင့်ရှိကြောင်း၊ နယ်ပယ်အသီးသီး၌ လက်တွေ့ပူးပေါင်း ဆောင်ရွက်မှုများကို အားကောင်းအောင် လုပ်ဆောင်ရေးနှင့် မြန်မာ့တပ်မတော်နှင့် အဆင့်မြင့် ဆက်ဆံရေးများကို



ထိန်းသိမ်းထားရန်တို့အား လုပ်ဆောင်ရန် အသင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးချုပ်ကလည်း နှစ်နိုင်ငံ တပ်မတော်ချင်း ဘက်စုံပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန် အတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်နှင့်အတူ ဆက်လက် ဆောင်ရွက်သွားလိုပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပေါ် မြန်မာ့တပ်မတော်အနေနှင့် အထူးအလေးထားပါကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်ရေးအား ထိန်းသိမ်းထားနိုင်ရေးအတွက် နှစ်နိုင်ငံ တပ်မတော်များအကြား အပြန်အလှန်သတင်းဖလှယ်ရေးကိုလည်း မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယိုရှားတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ဖိုရမ်ဖွင့်ပွဲတက်ရောက်**

ဒုတိယဝန်ကြီးချုပ် နှင့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃၀ ရက်တွင် ပေကျင်းနိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာ (Beijing International Con– vention Center– BICC) တွင် ကျင်းပသော (၁၀) ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယိုရှားက အဖွင့် မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် “နိုင်ငံကြီးများ၏ တာဝန်များနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု” (Major Countries’ Responsibility and Global Security Cooperation) ဆွေးနွေးပွဲ၊ “ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခန်းကဏ္ဍ” (The Role of Developing Countries in Global Security) ဆွေးနွေးပွဲနှင့် “ဒေသတွင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍတွင် အာဆီယံ၏ ဗဟိုကျမှု” (ASEAN Centrality in Regional Security Cooperation Archi– tecture) ဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ပေကျင်းနိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာ (Beijing International Convention Center–BICC) ၌ ကျင်းပသည့် “ကမ္ဘာ့ငြိမ်းချမ်းရေး ကြာရှည်စွာတည်တံ့ခိုင်မြဲရေးအတွက် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးစီမံလုပ်ဆောင်မှုများအား ပူးတွဲဖော်ဆောင်ခြင်း” (Jointly Implementing the Global Security Initiatives for Lasting Peace and Security of the World) ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

**တွေ့ဆုံနှုတ်ဆက်**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး မြန်မာသံရုံးနှင့် မြန်မာစစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား သွားရောက် တွေ့ဆုံနှုတ်ဆက်ခဲ့ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ပူးတွဲကျင်းပ**

အဆိုပါ (၁၀) ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ်အား တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၊ တရုတ်နိုင်ငံစစ်ဘက်သိပ္ပံပညာအဖွဲ့ (China Associa– tion of Military Science –CAMS) နှင့် တရုတ်နိုင်ငံ၊ နိုင်ငံတကာ မဟာဗျူဟာလေ့လာရေး အဖွဲ့ (China Institute of Interna– tional Strategic Studies–CIISS) တို့က ပူးတွဲကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အာရှ၊ ဥရောပ၊ အာဖရိက၊ လက်တင်အမေရိက ဒေသများရှိ နိုင်ငံပေါင်း ၆၂ နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများ၊ နိုင်ငံတကာတပ်မတော်များမှ အဆင့်မြင့် အရာရှိကြီးများအပြင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အာဆီယံ၊ ဥရောပသမဂ္ဂ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ စသည့်နိုင်ငံတကာအဖွဲ့အစည်း ၆ ခုမှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ညောင်လေးပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမှု လုပ်ငန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ညောင်လေးပင် နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနား ယနေ့နံနက် ၁၀ နာရီအချိန်က ရှမ်းရွာကျေးရွာအုပ်စု ရှမ်းရွာကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဝန်ထမ်းများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရှမ်းရွာနှင့် သာလူကုန်းကျေးရွာအတွင်း စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။



အဆိုပါ စာရင်းကောက်ယူရာသို့ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးလုပ်ငန်းကို မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေ၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် စာရင်းဇယားများအား အတည်ပြုထုတ်ပြန်နိုင်ရန်နှင့် တိရစ္ဆာန်ကောင်ရေ တိုးပွားမှုဆိုင်ရာ တွက်ချက်မှု စံနှုန်းများ သုံးသပ်ပြင်ဆင်နိုင်ရေး အတွက် ရည်ရွယ်၍ ကောက်ယူခြင်းဖြစ်ကြောင်း၊ ညောင်လေးပင်မြို့နယ်၌ ရပ်ကွက် သုံးခုနှင့် ကျေးရွာ ၃၀ တို့၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းသူနိုင်(ပြန်/ဆက်)**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းနှင့်အတူ ရယူအပ်ရာသင်ခန်းစာများ

# မဆုံးနိုင်တဲ့ မုန်းတီးမှုတွေနဲ့ Might is Right ခေတ်ကြီးမှာ . . . .

မြင့်မြတ်

**နှစ်ထောင်ချီကြာ အရှေ့အလယ်ပိုင်းသမိုင်းနဲ့အတူ ရှည်လျားလှတဲ့ အစ္စရေး- ပါလက်စတိုင်း ပဋိပက္ခ အဆိုးသံသရာအောက်မှာ ကွဲပြားနေတဲ့ အစွန်းရောက်အမြင်တွေနဲ့ သံသယအာဃာတတွေကြောင့် တစ်ကျော့ပြန် ထတောက်ခဲ့တဲ့စစ်မီးဟာ ၂၅ ရက် ရှိသွားခဲ့ပါပြီ။**



အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသ ထိခိုက်ပျက်စီးမှု။

အစ္စရေးဘက်ကကော ပါလက်စတိုင်းဘက်ကပါ မပြီးနိုင်တဲ့ဆိုးမွေတွေကို မျိုးဆက်များထံ အတိုင်းအဆမရှိ မျှဝေဆဲပါ။ ယခုတစ်ကြိမ် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်တို့ စလိုက်တဲ့ ဇာတ်လမ်းကစပြီး အသိမဲ့ရက်စက်တဲ့လုပ်ရပ်များစွာနဲ့ ခါးသီးလှတဲ့ အကျိုးဆက်တွေကို အပြစ်မရှိတဲ့ အရပ်သား ကလေး၊ သက်ကြီးရွယ်အိုအားလုံး အပြင်းအထန်ခံစားနေကြရပါပြီ။ အမှန်က ပါလက်စတိုင်းလူမျိုးအားလုံးဟာ ဟားမတ်စ်တွေကို ကိုယ်စားပြုနေတာမဟုတ်ပါဘူး။

ပါလက်စတိုင်းတို့ရဲ့ ideology ကိုက လွတ်လပ်သော ပါလက်စတိုင်း - အစ္စရေး နှစ်နိုင်ငံယှဉ်တွဲနေထိုင်ရေးမူကို အထိုင်ထားပြီး ဟားမတ်စ်တို့ရဲ့ရည်မှန်းချက်ကတော့ အစ္စရေးနိုင်ငံ လုံးဝပျက်သုဉ်းရေးပါ။ နိုင်ငံတကာမှာ ထားရှိသင့်တဲ့တရားမျှတမှု၊ လုံခြုံရေးအရ စိုးရိမ်ရမှုတွေကို အပြန်အလှန်အသိအမှတ်ပြုခြင်း၊ တစ်ဦးရဲ့တရားဝင်တည်ရှိမှုကို တစ်ဦးက အပြန်အလှန်အသိအမှတ်ပြုခြင်းဆိုတဲ့ ပကတိရှိရမယ့်အရှိတရားများကို မျက်ကွယ်ပြုပြီး အစွန်းရောက် အစွဲတွေရှိနေသမျှ အမြော်အမြင်မရှိ လုပ်သင့်သလား၊ မလုပ်သင့်သလား ပိုင်းခြားအသိအမှတ်ပြုတတ်တဲ့ ပညာဉာဏ်တွေကင်းနေသမျှ ဘယ်တော့မှ မငြိမ်းချမ်းဘူးဆိုတာ ကမ္ဘာ့သမိုင်းမှာ ယခင်ကလည်းပြခဲ့ ယခုလည်းပြသဆဲပါပဲ။

**နည်းပညာကို ဖောဖောသီသီ ကိုင်ထားနိုင်ပေမယ့် အသိနဲ့ ကိုယ်ချင်းစာတရား မဖွံ့ဖြိုးတဲ့ ခေါင်းဆောင်တချို့ကြောင့် ကမ္ဘာကြီးရဲ့အနာဂတ်က မသေချာ၊ မရေရာ အခြေအနေရောက်ရပါတယ်။ အတိတ်က သမိုင်းသင်ခန်းစာမယူနိုင်ဘဲ ကိုယ့်ကိုယ်ကိုယ်သာ ချစ်တတ်တဲ့ ခေါင်းဆောင်တွေကြောင့်လည်း ကမ္ဘာကြီးမှာ ငြိမ်းချမ်းမှုကင်းမဲ့လာရခြင်းဖြစ်ပါတယ်။ ဒီလူတွေဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆက်စပ်မှုကို မသိလောက်အောင် အတွေးတိမ်နေကြသူတွေပါ။ သူတို့ ဒီနေ့လုပ်ရပ်တွေဟာ အနာဂတ်အတွက် အကျိုးဆက်ဖြစ်မှာကို မသိသလိုဘဲ အနာဂတ်ကာလရောက်ရင် သူတို့ ဒီနေ့လုပ်ရပ်တွေဟာ အတိတ်သမိုင်း ဖြစ်သွားမယ်ဆိုတာလည်း မေ့နေပုံရပါတယ်။ အနာဂတ်အတွက် ဆိုးမွေတွေ ထားခဲ့တဲ့ သမိုင်းတရားခံတွေ ဖြစ်မှန်းမသိဖြစ်နေပုံကို မသိနိုင်လောက်အောင် အသိခေါက်ခက် အဝင်နက်နေကြသူတွေပါ။**

❖ နည်းပညာကို ဖောဖောသီသီကိုင်ထားနိုင်ပေမယ့် အသိနဲ့ကိုယ်ချင်းစာတရား မဖွံ့ဖြိုးတဲ့ ခေါင်းဆောင်တချို့ကြောင့် ကမ္ဘာကြီးရဲ့အနာဂတ်က မသေချာ၊ မရေရာ အခြေအနေရောက်ရပါတယ်။ အတိတ်က သမိုင်းသင်ခန်းစာမယူနိုင်ဘဲ ကိုယ့်ကိုယ်ကိုယ်သာချစ်တတ်တဲ့ ခေါင်းဆောင်တွေကြောင့်လည်း ကမ္ဘာကြီးမှာ ငြိမ်းချမ်းမှုကင်းမဲ့လာရခြင်းဖြစ်ပါတယ်။ ဒီလူတွေဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆက်စပ်မှုကို မသိလောက်အောင် အတွေးတိမ်နေကြသူတွေပါ။ သူတို့ဒီနေ့လုပ်ရပ်တွေဟာ အနာဂတ်အတွက် အကျိုးဆက်ဖြစ်မှာကို မသိသလိုဘဲ အနာဂတ်ကာလရောက်ရင် သူတို့ ဒီနေ့လုပ်ရပ်တွေဟာ အတိတ်သမိုင်း ဖြစ်သွားမယ်ဆိုတာလည်း မေ့နေပုံရပါတယ်။ အနာဂတ်အတွက် ဆိုးမွေတွေထားခဲ့တဲ့ သမိုင်းတရားခံတွေ ဖြစ်မှန်းမသိဖြစ်နေပုံကို မသိနိုင်လောက်အောင် အသိခေါက်ခက်အဝင်နက်နေကြသူတွေပါ

## သမိုင်းအမွေဆိုးပေးသူတွေကြောင့် ကမ္ဘာ့ပဋိပက္ခအထိဖြစ်ပေါ်လာနိုင်

ခံစားမှုကိုရှေ့တန်းတင်၊ အယူမှား၊ အသိမှားသူတွေကြောင့် ဟားမတ်စ်တွေ ထိန်းချုပ်ထားတဲ့ ဂါဇာနယ်မြေဟာ ဖွတ်ဖွတ်ညက်ညက်ကြေနေပါပြီ။ စာရေးသူအနေနဲ့ ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်မှုမှန်သမျှကို အသိမဲ့ပြုမူမှုလို့ သုံးနှုန်းချင်ပါတယ်။

ပါလက်စတိုင်းတွေကို မူလဇာတိ ဂါဇာနယ်မြေကနေ အီဂျစ်ဆိုင်းနိုင်းသဲကန္တာရဆီ အတင်းအဓမ္မမောင်းထုတ်ခြင်း၊ စားရေရိက္ခာ၊ ဆေးဝါး၊ လောင်စာဖြတ်ထားခြင်း၊ ဂါဇာဒေသကို ဖုန်း၊ အင်တာနက်အကုန်ဖြတ်တောက်ပြီး ပြင်ပနဲ့အဆက်အသွယ်ဖြတ်ခြင်း၊ အရပ်သားမှန်းမသိ၊ ရန်သူမှန်းမသိ ရမ်းသန်းဗုံးကြဲ၊ ဆေးရုံမှန်း ဒုက္ခသည်စခန်းမှန်းသိလျက်နဲ့ တမင်ဗုံးကြဲခြင်း၊ ရက်ပိုင်းရက်သားမွေးကင်းစပါမကျန် ကလေးတွေကို ပစ်မှတ်ထား၊ မျိုးဆက်ပြတ်အောင် အဆက်မပြတ်ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဗုံးကြဲတိုက်ခိုက်မှုတွေ ရပ်ဆိုင်းဖို့၊ အပစ်အခတ်ရပ်စဲဖို့နဲ့ လူသားချင်းစာနာတဲ့ အကူအညီတွေ ပေးခွင့်ပြုဖို့ ကုလသမဂ္ဂရဲ့ အများသဘောတူဆုံးဖြတ်ချက်ကို မဖြစ်မနေလိုက်နာရမယ့်အစား ကမ္ဘာ့မိသားစုကို အာခံပြီး စစ်ဆင်ရေးဒုတိယအဆင့်ကို ထပ်ပြီးဆင်နွှဲနေခြင်းဟာဖြင့် နောက်ထပ်အရပ်သားတွေ ထောင်ချီသေဆုံးနိုင်တဲ့ လူသားမဆန်တဲ့ လူမဟုတ်သူတွေရဲ့ လုပ်ရပ်ပဲလို့ ဝေဖန်ကြတာလည်း မဆန်းပါဘူး။

သေသူတွေကို ဘယ်သူဘယ်ဝါမှန်းမသိ မြေမြှုပ်နေရတဲ့အဖြစ်၊ လူတွေဟာ ကိုယ်သေသွားခဲ့ရင် မည်သူမည်ဝါမှန်းသိရအောင်၊ သင်္ဂြိုဟ်လို့ရအောင် တင်ကြိုလက်ပတ်ပတ် အမှတ်အသားလုပ်ထားကြရတယ်လို့ဆိုပါတယ်။ ယခု အစ္စရေး - ဟားမတ်စ် ပဋိပက္ခက ကမ္ဘာကြီးကိုပါ နှစ်ခြမ်းကွဲသွားစေပါတယ်။ ဘာသာရေးပါ ကွဲကုန်ရင်တော့ နောက်ပြန်လှည့်လို့မရနိုင်တဲ့ တကယ့်အကြီးစား ကမ္ဘာလုံးဆိုင်ရာပဋိပက္ခကြီးအဖြစ် ပြောင်းသွားနိုင်တဲ့ အခြေအနေပါ။

လက်ရှိမှာကို အမေရိကန်နဲ့အစ္စရေးကို ရွံရှာမုန်းတီးပြီး အမေရိကန်အပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာ ပါလက်စတိုင်းကို ထောက်ခံတဲ့၊ ပါလက်စတိုင်းတို့နဲ့ သွေးစည်းညီညွတ်ကြောင်းပြသတဲ့ ဆန္ဒပြလှုပ်ရှားမှုများစွာ တွေ့မြင်နေကြရပါပြီ။ အရှေ့အလယ်ပိုင်းမှာ အမေရိကန်လှုပ်တာနဲ့ ဥရောပမှာ အကြမ်းဖက်မှုဖြစ်လာနိုင်တဲ့ အနေအထားတွေကို ဥရောပနဲ့ အမေရိကန်ခေါင်းဆောင်တွေ မတွက်ချင်ဘဲ တွက်ဆနေရပြီ။

ဟားမတ်စ် - အစ္စရေးစစ်မှာ အစ္စရေးဘက်က သိသိသာသာပါနေတာက အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ဩစတြေးလျနဲ့ အနောက်အုပ်စုနိုင်ငံတွေဖြစ်ပါတယ်။ အကယ်၍ စစ်က တာရှည်သွားရင် အပစ်အခတ်ရပ်စဲရေးကို ဗီတိုသုံးပယ်ချခဲ့တဲ့ အမေရိကန်နဲ့ အနောက်အုပ်စုမှာသာ တာဝန်ရှိတဲ့သဘော ဖြစ်သွားပါလိမ့်မယ်။ ဟားမတ်စ်ဘက်မှာတော့ ပါလက်စတိုင်းအရေးလို သဘောထားတဲ့ အီရန်၊ ဟစ်ဇ်ဘိုလာနဲ့ ရေနံထွက် အစ္စလာမ္မစ်နိုင်ငံ အားလုံးက ပါလက်စတိုင်းဘက်က ပါနေပါတယ်။

ယခုနောက်ပိုင်းမှာ အစ္စလာမ်ကမ္ဘာကို ဦးဆောင်မယ့်နိုင်ငံဟာ အစ္စရေးကို စစ်ရာဇဝတ်ကောင် တံဆိပ်တပ်ထားတဲ့ တူကီယဲ ဖြစ်လာနေပြီး အီရန်နဲ့ တူကီယဲ၊ ကျန်အာရပ်နိုင်ငံတွေပါ ပူးပေါင်းပါဝင်လာရင် ဒေသတွင်းစစ်ပွဲကြီးအဖြစ်ပါ ကျယ်ပြန့်သွားနိုင်တဲ့ အလားအလာကို တွေ့မြင်နေရပါတယ်။ အမေရိကန်လူထုရဲ့ ဆန့်ကျင်အုံကြွမှုနဲ့ ရင်ဆိုင်နေရတဲ့ အမေရိကန်ဟာ နောက်ပိုင်းမှာ အစ္စရေးကို အပြစ်တင်လာပေမယ့် ဒါဟာ နောက်ကျနေပြီဖြစ်ပြီး စကားလုံးတွေနဲ့ ဟန်ပြထိန်းချုပ်ရုံထက် မပိုလောက်ပါဘူး။ ဘာပဲဖြစ်ဖြစ် အတိတ်ကဖြစ်ပျက်ခဲ့တဲ့ ပါလက်စတိုင်း - အစ္စရေးပြဿနာ အဆက်ဆက်ကနေ ယခုလတ်တလောစစ်ဖြစ်ရတဲ့အထိ အခြေအနေအားလုံးဟာ နည်းမျိုးစုံနဲ့ အသတ်ဖြတ်ခံနေရတဲ့ ပါလက်စတိုင်းတွေအပေါ် မျက်ကွယ်ပြုခဲ့လွန်းတဲ့ အမေရိကန်ရဲ့ စစ်ရေးအရကော ကုလသမဂ္ဂစင်မြင့်မှာပါ အစ္စရေးဘက်လိုက်ကူညီပေးနေတဲ့ တစ်ဖက်စောင်းနင်းမူဝါဒနဲ့ ကမ္ဘာ့နိုင်ငံအားလုံးအပေါ် တစ်ပြေးညီမရှိတဲ့ double standard မူဝါဒတွေကြောင့်ပဲ ဖြစ်ပါတယ်။ ယခုနောက်ပိုင်းဆိုးရွားလွန်းတဲ့ဖြစ်စဉ်တွေဟာ အမေရိကန်နဲ့ အစ္စရေးတို့ရဲ့ ပါလက်စတိုင်းမျိုးဆက်နဲ့ ပါလက်စတိုင်းနယ်မြေကို အပြီးအပိုင် သုတ်သင်မှုပဲလို့ ယူဆသူတွေများလာနေပါတယ်။

## အမှားကိုအမှန်၊ အမှန်ကိုအမှား မီဒီယာစစ်ပွဲသဏ္ဌာန်

အောက်တိုဘာ ၇ ရက်ဖြစ်စဉ်ဟာ ဟားမတ်စ်တို့က စလိုက်တာကြောင့်ဆိုတာ မှန်ပါတယ်။ ဟားမတ်စ်တို့ကြောင့် အစ္စရေးဘက်မှာ စစ်သည်အပါအဝင်လူပေါင်း ၁၄၀၀ ကျော်ခန့် သေဆုံးခဲ့ရပြီး လူ ၂၃၀ ခန့် ဓားစာခံအဖြစ် အဖမ်းခံခဲ့ရပါတယ်။ ဒါပေမယ့် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအောက်မှာ အမြဲတမ်းရှိနေပါတယ်ဆိုတဲ့ လူ့ယဉ်ကျေးတွေပါဆိုတဲ့ လူတွေကြောင့် ပါလက်စတိုင်းသား ကလေးငယ် ထက်ဝက်ကျော်အပါအဝင် ၈၀၀၀ ကျော်အထိ သေဆုံးခဲ့ရပြီးဖြစ်တဲ့ နောက်ပိုင်းလုပ်ရပ်တွေကတော့ ဘယ်လိုမှတရားမျှတမှုမရှိ လူသားချင်းစာနာမှုတောင် နည်းနည်းမှမထောက်ထားနိုင်တဲ့ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်အထိ ကျော်လွန်နေပြီဖြစ်တဲ့ လက်စားချေလုပ်ရပ်တွေအဖြစ် နိုင်ငံတကာ အသိုင်းအဝိုင်းက မြင်နေကြပါပြီ။

အနောက်အုပ်စုမီဒီယာတွေကကော ဘာထူးသလဲ။ တစ်ဖက်သတ်ပဲမဟုတ်ပါလား။ သူတို့ဖော်ပြချက်တွေထဲမှာ အစ္စရေးက အပြစ်မဲ့ ပါလက်စတိုင်းတွေကအပြစ်ရှိသူ၊ အစ္စရေးတွေရဲ့ အသက်ကသာလူ့အသက်၊ ပါလက်စတိုင်းတွေရဲ့ အသက်ကလူ့အသက်တွေ မဟုတ်သယောင်၊ ကမ္ဘာကြီးမှာ အခြေအနေတွေက ပြောင်းပြန်တွေပါ၊ အနောက်တိုင်း မီဒီယာတစ်ခုရဲ့အင်တာဗျူးတစ်ခုနဲ့ ပတ်သက်ပြီးလည်း ဆိုရှယ်မီဒီယာမှာပျံ့နှံ့သွားတဲ့ ပုံရိပ်တစ်ခုလည်းရှိပါသေးတယ်။

**လွန်ခဲ့တဲ့ အောက်တိုဘာ ၂၀ ရက်နေ့က ကလက်ဆီယာဝဒ်ဆိုသူ CNN နိုင်ငံတကာ သတင်းထောက်အမျိုးသမီးတစ်ဦး အီဂျစ် - ပါလက်စတိုင်း နယ်စပ်က**

*စာမျက်နှာ ၇ သို့*





# ရုရှားရေတပ်မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

ရုရှားရေတပ်မှ ဖျက်သင်္ဘော (Destroyer) များဖြစ်သည့် စစ်ရေယာဉ် Admiral Tributs ၊ Admiral Panteleev နှင့် Sea Tanker Pechenga တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ပထမအကြိမ် မြန်မာ – ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Aleksei Anciferov ဦးစီး၍ အရာရှိ၊ စစ်သည် စုစုပေါင်း ၈၀၀ ခန့် လိုက်ပါလာပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြု လေ့ကျင့်ခန်း (Harbour Phase)ဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်၌ (၃၁) ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဦးစီး၍ (၃၁)ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲ အခမ်းအနားကို မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာန (Multi-Hazard Early Warning Center) အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။

ဖိုရမ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အမှာစကားပြောကြားပြီး ဖိုရမ်သို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဆောင်ရွက်နေသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး ဆောင်ရွက်နေသော ဌာနများ၊ အခြားဆက်စပ်ဌာနများမှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၅၀ ခန့် တက်ရောက်သည်။

ဖိုရမ်တွင် ယခုနှစ် နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များကို တင်ပြဆွေးနွေးခြင်း၊ စိုက်ပျိုးရေး မိုးလေဝသ အခြေအနေနှင့် လာမည့် ဆောင်းရာသီကာလအတွင်း ဖြစ်ပေါ်နိုင်မည့် အယ်လ်နီညိုအခြေအနေနှင့် ခန့်မှန်းချက်များကို တင်ပြခြင်း၊ ရာသီအလိုက် ခန့်မှန်းချက်များကို အသုံးပြုသည့် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ပြီးခဲ့သည့် မိုးရာသီကာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာသီဥတုနှင့် မိုးလေဝသဆိုင်ရာ အတွေ့အကြုံများနှင့် သင်ခန်းစာများကို ဆွေးနွေးခြင်း၊ လာမည့် ဆောင်းရာသီကာလအတွက် ခန့်မှန်းချက်များကို အသုံးပြု၍ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှု အခြေအနေများကို တင်ပြဆွေးနွေးခြင်း၊ လိုအပ်ချက်များနှင့် အကြံပြုချက်များကို အသေးစိတ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ပါလက်စတိုင်း ထောက်ခံဆန္ဒပြပွဲ သတင်းယူစဉ်၊ အီဂျစ်ဆန္ဒပြအမျိုးသမီးငယ်တစ်ဦးနဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့စဉ်မှာ ထိုအမျိုးသမီးက သတင်းထောက်ကို မီဒီယာနဲ့ကုလသမဂ္ဂကို လှမ်းမိုးခြယ်လှယ်ပြီး အမှန်ကိုအမှား အမှားကိုအမှန်လုပ်၊ သူတစ်ပါးဩဇာခံရုပ်သေးရုပ်တွေလို တစ်ဖက်သတ် အာဘော်ကိုသာ ပြန်ပြီးဖောက်သည်ချ၊ လိမ်ညာနေတဲ့ အလိမ်အညာသမားတွေအဖြစ် အော်ဟစ်စွပ်စွဲခဲ့ပြီး ထိရှတဲ့စကားလုံးတွေနဲ့ ပြန်လည်တုံ့ပြန်ခဲ့တာကို တွေ့ရပါတယ်။

ဒါကြောင့်ပဲ သတင်းထောက်ဟာ လူပုံအလယ်မှာ အရှက်ကွဲခဲ့ရတယ်။ သူဟာ မြန်မာနိုင်ငံမှာလည်း အင်တာဗျူးခဲ့ဖူးပြီး မြန်မာနိုင်ငံသတင်းတွေနဲ့ ပတ်သက်ပြီး အဖြစ်မှန်ကို ဖုံးကွယ်လိမ်ညာ သတင်းရေးသားတင်ဆက်ခဲ့သူဖြစ်တယ်လို့ သိရပါတယ်။ သူတို့ရဲ့ ဒီမိုကရေစီဆိုတာ ပါလက်စတိုင်းတွေအတွက်မဟုတ်၊ ကမ္ဘာတစ်ဝန်းက အဖိနှိပ်ခံတွေအတွက်တော့ အသံတိတ်နေတတ်ပြီး အနောက်နိုင်ငံတွေကိုသာ ကိုယ်စားပြုတယ်ဆိုတာ သူတို့ရဲ့မီဒီယာလုပ်ရပ်တွေက သက်သေပြနေပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၄ အစ္စရေး – ပါလက်စတိုင်းအရေးဆွေးနွေးတဲ့ ကုလသမဂ္ဂအစည်းအဝေးမှာလည်း ကုလသမဂ္ဂအတွင်းရေးမှူးရဲ့ စကားအမှန် ကိုမကျေနပ်တဲ့အစ္စရေးကိုယ်စားလှယ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်ကို နှုတ်ထွက်ခိုင်းတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဆရာ့ထက်

> ❑ **လွန်ခဲ့တဲ့ အောက်တိုဘာ ၂၀ ရက်နေ့က ကလက်ဆီယာဝဒ်ဆိုသူ CNN နိုင်ငံတကာ သတင်းထောက်အမျိုးသမီးတစ်ဦး အီဂျစ် - ပါလက်စတိုင်း နယ်စပ်က ပါလက်စတိုင်း ထောက်ခံဆန္ဒပြပွဲ သတင်းယူစဉ်၊ အီဂျစ်ဆန္ဒပြအမျိုးသမီးငယ်တစ်ဦးနဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့စဉ်မှာ ထိုအမျိုးသမီးက သတင်းထောက်ကို မီဒီယာနဲ့ကုလသမဂ္ဂကို လှမ်းမိုးခြယ်လှယ်ပြီး အမှန်ကိုအမှား အမှားကိုအမှန်လုပ်၊ သူတစ်ပါးဩဇာခံရုပ်သေးရုပ်တွေလို တစ်ဖက်သတ် အာဘော်ကိုသာ ပြန်ပြီးဖောက်သည်ချ၊ လိမ်ညာနေတဲ့ အလိမ်အညာသမားတွေအဖြစ် အော်ဟစ်စွပ်စွဲခဲ့ပြီး ထိရှတဲ့စကားလုံးတွေနဲ့ ပြန်လည်တုံ့ပြန်ခဲ့တာကို တွေ့ရပါတယ်**

လက်ဖောင်းထက်တဲ့သူတွေများပြီး ဆရာတွေများတဲ့ သူဌေးကြီးတွေလက်အောက်က ကုလသမဂ္ဂကြီးကော ဘာများပြောနိုင်ပါဦးမလဲ။

တကယ်တော့ အစ္စရေး – ပါလက်စတိုင်းအရေးကနေ ကျွန်တော်တို့နိုင်ငံအတွက်လည်း သင်ခန်းစာယူစရာတွေအများကြီးပါ။ အမုန်းတွေကြောင့်ဖြစ်ရတဲ့စစ်ရဲ့လက္ခဏာတွေကို သင်ခန်းစာယူနိုင်ရပါမယ်။ စစ်ပွဲတွေမှာ သေကျေခဲ့ကြရတဲ့ မိသားစုတွေက တစ်ဆင့် သားစဉ်မြေးဆက် မဆုံးနိုင်တဲ့ မုန်းတီးမှုတွေ မကျန်စေချင်ပါဘူး။ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ အနောက်ဘက်ကျူးကျော်ခံရတဲ့ ဖြစ်စဉ်ကနေ အကျိုးဆက် ICJ မှာ ဖြေရှင်းနေရဆဲအခြေအနေတွေနဲ့ ဆင်တူတာတွေရှိသလို လိုက်နာကျင့်သုံးပုံမတူတာတွေလည်း ရှိပါတယ်။ တစ်ဖက်က ရုတ်တရက်ကျူးကျော်တိုက်ခိုက်လာရင် ရေလိုမီးလို ကျင့်ပြီး ချက်ချင်းတုံ့ပြန်တိုက်ခိုက်နိုင်မှုမျိုးမှာလည်း ပညာယူသင့်တာတွေရှိနိုင်ပြီး သင်ခန်းစာယူသင့်တာလည်း ယူရမှာပါ။ ဒါပေမယ့် အပြစ်မဲ့တဲ့ အရပ်သားတွေနဲ့ အရပ်ဘက် ဝန်ဆောင်မှုအခြေခံ အဆောက်အဦတွေကို ပစ်ခတ်တိုက်ခိုက်မှုကနေ ရှောင်ရမှာကတော့ လူ့ယဉ်ကျေးတို့ရဲ့ ကိုယ့်ကျင့်သိက္ခာနဲ့ဆိုင်ပါတယ်။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတွေဟာ မတူကွဲပြားမှုများကို အပြန်အလှန်အသိအမှတ်ပြုနိုင်ကြရပါမယ်။ မူလပင်ကိုခြားနားမှုတွေကို နားလည်မှုပေးပြီး ကိုယ့်ထက်အားနည်းသူဘက်ကို ကိုယ်ချင်းစာစိတ်ထားပေးခြင်းဟာ လုပတဲ့ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါတယ်။

တစ်ခါတလေ စစ်ရေးအရအသာရနေပေမယ့် နိုင်ငံရေးအရ ကမ္ဘာမှာ ရှုံးနိမ့်နိုင်ခြေကိုလည်း ထည့်သွင်းတွက်ချက်သုံးသပ်နိုင်ရပါမယ်။ အကယ်၍များ အစ္စရေး – ဂါဇာ နယ်စပ်မှာလို အင်အားကြီးပြီး တစ်ဖက်သတ်လုပ်တတ်တဲ့ အိမ်နီးချင်းမျိုး ငါတို့နားမှာရှိနေရင်ကောဆိုတဲ့အတွေးနဲ့ အားနည်းတဲ့ တစ်ဖက်ကိုလည်း လူသားချင်းစာနာမှုမျိုး ကိုယ်ချင်းစာစိတ်ထားသင့်သလို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းရင်းသားတွေ စုစုစည်းစည်းနဲ့ ကိုယ်ခံအင်အားကောင်းအောင် တည်ဆောက်ထားသင့်တယ်လို့သာ ယူဆပါတယ်။

အင်အားမရှိရင် နှိပ်ကွပ်ချင်ကြ ဖိနှိပ်ချင်ကြတာ သဘာဝပါ။ စုစည်းမှုအင်အားနဲ့အတူ သူများကစားကွက်ထဲအဝင်မခံ Game proxy အဖြစ်မခံ၊ နိုင်ငံရေးဩဇာခံအဖြစ်မခံဘဲ ကိုယ့်နိုင်ငံကို တိုးတက်အောင်လုပ်နိုင်မယ့် ပညာဉာဏ် အမြော်အမြင်ကြီးတဲ့ ခေါင်းဆောင်မျိုးတွေ လိုအပ်ပါတယ်။ နောက်ဆုံးတော့ အိမ်နီးချင်းကောင်းပီသစွာနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ၊ အပြန်အလှန်မစွက်ဖက်ရေးမူများအောက်မှာ ချစ်ကြည်ရင်းနှီးစွာ နေသင့်တယ်ဆိုတဲ့အတွေးမျိုး ခံယူချက်မျိုးတွေ အားလုံးမှာရှိထားသင့်တယ်လို့တော့ ယူဆမိတာအမှန်ပါ။

ဘာကြောင့်လဲဆိုတော့ ကမ္ဘာကြီးရဲ့ဘယ်နေရာကိုပဲကြည့်ကြည့် Might is Right က အဓိကဖြစ်နေလို့ပါပဲ။ ။

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ဥက္ကဋ္ဌတာဝန်လွှဲအပ်သည့် (၇) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၂**

ဖိလစ်ပိုင်နိုင်ငံ စာရင်းစစ်ချုပ်ရုံးကော်မရှင် အကြီးအကဲ Mr.Mario G. Lipana ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မနီလာမြို့၌ နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပသော အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI) ၏ ဥက္ကဋ္ဌတာဝန်လွှဲအပ်သည့် (၇) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (7th ASEANSAI Summit)နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ASEANSAI အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် ဖိလစ်ပိုင်နိုင်ငံ စာရင်းစစ်ကော်မရှင်ဥက္ကဋ္ဌ Mr. Gamaliel A. Cordoba က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ် ASEANSAI ၏ လက်ရှိဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ASEANSAI ကော်မတီအသီးသီး၏ နှစ်စဉ်လုပ်ဆောင်ချက် အစီရင်ခံစာများ၊ ASEANSAI ၏ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်း ပြင်ဆင်မှုများ၊ စာရင်းစစ်ချုပ်ရုံးများ၏ လွတ်လပ်မှုဆိုင်ရာ ပူးပေါင်းသုတေသနအစီရင်ခံစာနှင့် တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေးခြင်းဆိုင်ရာ အခြေခံလမ်းညွှန်တို့နှင့် စပ်လျဉ်းပြီး တင်ပြဆွေးနွေးအတည်ပြုကြသည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ ကာလအတွင်း ASEANSAI ၏ လုပ်ငန်းဆောင်ရွက်ချက်များကို စုစည်းပြုစုထားသည့် အထိမ်းအမှတ်မှတ်တမ်းစာအုပ် (ASEANSAI Chairmanship Commemoration Book 2021–2023)ကို ASEANSAI အဖွဲ့ဝင်နိုင်ငံများမှ စာရင်းစစ်ချုပ်များထံ ပေးအပ်ပြီး လာမည့် (၂) နှစ်တာကာလအတွက် အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့် ဖိလစ်ပိုင်နိုင်ငံ စာရင်းစစ်ကော်မရှင်ဥက္ကဋ္ဌထံသို့ ASEANSAI ၏ ဥက္ကဋ္ဌတာဝန်များကို ASEANSAI အထိမ်းအမှတ်တူ၊ အလံ စသည့် အထိမ်းအမှတ်ပစ္စည်းများနှင့်အတူ လွှဲပြောင်းပေးအပ်သည်။ (ဓာတ်ပုံ)

ယင်းထိပ်သီးအစည်းအဝေးသို့ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ အတွင်းရေးမှူးချုပ်၊ အဖွဲ့ဝင်အာဆီယံ (၁၀) နိုင်ငံမှ စာရင်းစစ်ချုပ်များ ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ အာဆီယံနိုင်ငံများ၏ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့အတူ နိုဝင်ဘာ ၁ ရက်ကလည်း ထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးနှင့် နည်းပညာဆိုင်ရာ ကြိုတင်ညှိနှိုင်းမှု အစည်းအဝေးများသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဦးဆောင်သောအဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့ လှာကမြင် ကံ့ကော်(၈)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတက်ရောက်

**ဘားအံ နိုဝင်ဘာ ၂**

(၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ဘားအံမြို့ လှာကမြင် ကံ့ကော်(၈)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က အဆိုပါကွန်ကရစ်လမ်းသစ်မုခ်ဦးတည်နေရာ၌ ကျင်းပသည်။

ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မြို့ကွက်သစ်တစ်ခုအတွက် လိုအပ်ချက်များဖြစ်သည့် လမ်းများ၊ တံတားများ၊ လျှပ်စစ်ဓာတ်အားလိုင်းများ၊ ရေပေးဝေရေးလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးခဲ့ပြီး ယနေ့တွင်လည်း ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၃ သန်းဖြင့် အကျယ် ၁၄ ပေ၊ အရှည် ၁၃၂၆ ပေ၊ ထုခြောက်လက်မရှိ ကွန်ကရစ်လမ်းသစ်ကို ထပ်မံဖွင့်လှစ်ပေးခြင်းဖြစ်ကာ ရပ်ကွက်ကြီးသာယာဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးထားသည့် လမ်း၊ တံတားများကို ရေရှည်တည်တံ့အောင် တာဝန်ရှိသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ လက်တွဲပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က လှာကမြင် ကံ့ကော်(၈)လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဓာတ်ပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အဆိုပါ လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မွေးမြူမှုစာရင်း မှန်မှ ထုတ်လုပ်မှုစာရင်း မှန်မည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ပြည်သူတစ်ဦးချင်း စားသုံးနှုန်းနှင့်ပတ်သက်ပြီး စနစ်တကျ တွက်ချက်နိုင်မည် ဖြစ်သည့်အတွက် ယနေ့မှစ၍တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်ပေါင်း ၂၁၅ မြို့နယ်တွင် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ တိရစ္ဆာန်ကောင်ရေစာရင်းကို အခြေခံပြီး မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီမံကိန်းပေါင်းများစွာကို ဆောင်ရွက်မည်ဖြစ်၍ ကောင်ရေစာရင်းများကို မှန်မှန်ကန်ကန်ရရှိအောင် ကြိုးစားကောက်ယူကြရန်နှင့် ဖြေကြားပေးသူများအနေဖြင့်လည်း စိတ်ရှည်ရှည်ဖြင့် တိတိကျကျ ဖြေကြားပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက လှာကမြင်ကျေးရွာအုပ်စု သာနှုန်းကျေးရွာတွင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမှုလုပ်ငန်းကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ် - အာဆီယံ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချုံချင့်မြို့၌ နိုဝင်ဘာ ၁ ရက်က ကျင်းပသည့် (၅) ကြိမ်မြောက် တရုတ် – အာဆီယံ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ချုံချင့်မြူနီစီပယ် ကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မတီအတွင်းရေးမှူး Lu Kehua၊ တရုတ်ဥပဒေအဖွဲ့အစည်း၏ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး Zhang Mingqi၊ အနောက်တောင်ပိုင်း နိုင်ငံရေးသိပ္ပံနှင့် ဥပဒေတက္ကသိုလ် ကျောင်းအုပ်ကြီး ပါမောက္ခ Lin Wei၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှားနိုင်ငံတို့မှ တရားလွှတ်တော်ချုပ်ရုံး တရားသူကြီးများ၊ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ ဥပဒေပညာရှင်များ၊ နိုင်ငံခြားပညာတော်သင် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် တရုတ် – အာဆီယံ ဥပဒေရေးရာ သုတေသနစင်တာ တို့အကြား အဓိကကျပြီး ခိုင်မာသည့် ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများအဖြစ် ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအရာရှိများကို အနောက်တောင်ပိုင်း နိုင်ငံရေးသိပ္ပံနှင့် ဥပဒေတက္ကသိုလ် (Southwest University of Political Science and Law) သို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ တရုတ် – အာဆီယံ ဥပဒေရေးရာ သုတေသနစင်တာနှင့် ဥပဒေရေးရာဝန်ကြီးဌာန တို့အကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဥပဒေရေးရာသုတေသန လုပ်ငန်းစီမံကိန်းများ နားလည်မှုစာချွန်လွှာကို ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လိပ်သိုဒေသ၌ အစေးလှီး ရော်ဘာပြားများ စတင်ထုတ်လုပ်

**လိပ်သို နိုဝင်ဘာ ၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုဒေသရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သော ကျေးရွာများတွင် အစေးလှီးခြင်း၊ ရော်ဘာပြားများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို စတင်လုပ်ကိုင်လျက်ရှိပြီဖြစ်ကြောင်း သိရသည်။

ရော်ဘာအစေးလှီး ရော်ဘာပြားများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သော်လည်း အခက်အခဲများစွာ ကြုံတွေ့နေရ၍ ရည်မှန်းထားသလောက် မထုတ်လုပ်နိုင်သေးကြောင်း သိရသည်။ ရရှိလာသော ရော်ဘာပြားများကို ရနိုင်သရွေ့ အခြောက်ခံပြီး ကျေးရွာအတွင်း ဝယ်ယူသူများနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မှ အဝယ်ဒိုင်များဆီသို့ ပို့ဆောင်ရောင်းချလျက်ရှိကြောင်း သိရသည်။

ရော်ဘာပြားများကို ရောင်းချရာတွင် အရည်အသွေးနှင့် ခြောက်သွေ့မှုအပေါ်တွင်မူတည်၍ ရော်ဘာတစ်ပေါင် ငွေကျပ် ၁၄၀၀ မှ ၁၇၀၀ အထိ ရရှိကြောင်း သိရသည်။

**ခင်လေးနွယ်**

# ပြည်ပသင်တန်းအတွေ့အကြုံများ နည်းပညာအသစ်များကို ဌာနတွင်းမျှဝေဖလှယ်၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံရှိ ရေထွက်ပစ္စည်းများတွင် ပါဝင်သည့် ဘက်တီးရီးယားပိုးမွှားများ၊ ဓာတုဆေးဝါးဓာတ်ကြွင်းများ၊ သဘာဝတွင်တွေ့ရသော ဓာတုညစ်ညမ်းမှုများနှင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု (Parameter) အသစ်များ တိုးချဲ့နိုင်ရန်အတွက် လိုအပ်သော ပညာရပ်ပိုင်းဆိုင်ရာ နည်းစနစ်များကို လက်ဆင့်ကမ်းဖြန့်ဝေ၍ မိမိတို့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ပြည်ပသင်တန်းအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးပွဲတွင် တာဝန်ရှိသူများကို မှာကြားသည်။ (ဝဲပုံ)



ဆက်လက်၍ ဒုတိယဝန်ကြီးက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် တောင်သူများနှင့် တိုက်ရိုက်တွေ့ဆုံကာ နည်းပညာနှင့် အကူအညီများဆောင်ရွက်ပေးလျက်ရှိသော မိမိတို့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နို့စားနွားမွေးမြူရေးတွင် ကြုံတွေ့ရလျက်ရှိသည့် သားမတင်ခြင်း၊ သားပျက်သားလျှောခြင်း၊ မည်သည့်ရောဂါတစ်စုံတစ်ရာမှမတွေ့ရှိရဘဲ မေထုန်မဲ့သားစပ်နည်းဖြင့် သုံးကြိမ်နှင့်အထက် သားစပ်သော်လည်း သားမတင်သောနွားမများနှင့် ပတ်သက်၍ သုတေသနပြု ဖော်ထုတ်တွေ့ရှိထားချက်များကို ပညာရှင်များအကြား နည်းပညာမျှဝေဖလှယ်၍ နို့စားနွားမျိုးပွားခြင်းလုပ်ငန်းတွင် သားအောင်နှုန်းများ ပြန်လည်တိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တက်ရောက်လာကြသည့် ဌာနအကြီးအကဲများနှင့် ပညာရှင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြကြပြီး ဆွေးနွေးပွဲတက်ရောက်လာသူများ၏ မေးမြန်းချက်များကို နည်းပညာရပ်ဆိုင်ရာ အချက်အလက်များဖြင့် ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပြည်ထောင်ကိုးအုပ်စု၊ ဆောင်တောင်ကြီးကျေးရွာ၌ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ရောက်ရှိနေသည့် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ၊ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်သည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့်အဖွဲ့သည် ဆောင်တောင်ကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ရောက်ရှိပြီး **(အပေါ်ယာပုံ)** အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို စားသောက်ဖွယ်ရာများ ဝေမျှ၍ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စာပေသင်ကြားသင်ယူနေမှု အခြေအနေကို မေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့် အဖွဲ့သည် ကျေးရွာအဝင်လမ်းနှင့် ရွာလယ်လမ်းမအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့် အဖွဲ့သည် ဆောင်တောင်ကြီးကျေးရွာ ရွာဦးကျောင်း၌ ဆောင်တောင်ကြီးကျေးရွာ၊ ပြဒါးချောင်းကျေးရွာ၊ မြသီတာကျေးရွာနှင့် ပြည်ရတနာကျေးရွာများမှ အုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရန်လို**

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ မြေပြန့်နှင့် တောင်ပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု မြင့်မားစေရေးအတွက် ပျဉ်းမနားမြို့ အရှေ့ဘက်ရှိ တောင်ပေါ်ကျေးရွာအုပ်စု(၇)အုပ်စုအတွင်းရှိ ကျေးရွာများကို ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဦးဆောင်သည့် ဌာနဆိုင်ရာအဖွဲ့သည် ဒေသဖွံ့ဖြိုးရေးများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ထို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပွင့်လင်းစွာတင်ပြကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းလုံခြုံရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆောင်တောင်ကြီးကျေးရွာအုပ်စုမှ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ သုတရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ဆေးဝါးများနှင့် ပန်းခင်းစီမံချက်(၂) ဖြင့် ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲတာဝန်ခံများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးများနှင့် တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

ယင်းနောက် ကျေးရွာများမှ ဒေသခံ တိုင်းရင်းသားပြည်သူများက မိမိတို့ဒေသအတွက် ဆောင်ရွက် ပေးစေလိုသည့် လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ဆောင်တောင်ကြီးကျေးရွာ ဒေသခံတိုင်းရင်းသား ပြည်သူလူထုကိုယ်စား ဦးအောင်မင်းသူက ကျေးဇူးတင်စကား ပြောကြားကာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာဦးကျောင်းဆရာတော် ဥူးကေသရ အား ဖူးမြော်ကြည်ညိုပြီး စားသောက်ကုန်ပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့ပြင် နေပြည်တော် ကုသရေးဦးစီးဌာန၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးလက်နေပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆောင်တောင်ကြီးကျေးရွာ ရွာလယ်လမ်းအား ကွန်ကရစ်လမ်းခင်းပေးရန် တိုင်းတာခြင်းများ ဆောင်ရွက်ကြပြီး ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် (၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

# လက်ပံတန်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**လက်ပံတန်း နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့၌ အမှတ်(၂)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (သာယာဝတီ) မှ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မင်းရပ် ရပ်ကွက် ရွှေရောင်အနာဂတ်ကိုယ်ပိုင်အလယ်တန်းကျောင်း စာသင်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများကို သတိပြုဆင်ခြင်နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမှတ်(၄၁/၂၂)ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါအကြောင်းအရာများနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါအကြောင်းအရာတို့ကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူ ၁၃၅ ဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများဂုဏ်ပြုပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂

**အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။**





ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင်အလှူရှင် ၃၅ ဦးက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၂၁၉၈၄ သိန်းအား ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင်အလှူရှင် ၉၉ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၁၂၇၃ သိန်း နှစ်သောင်း ငါးထောင်ခြောက်ရာကို ဂုဏ်ပြုပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးက လက်ခံရယူပြီး **(အပေါ်ယာပုံ)** ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင်အလှူရှင် ၂၇ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ် ၇၈၁ သိန်းကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင်အလှူရှင် ၁၃၆ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် သိန်း ၆၁၀၀ ကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို မကွေးမြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင်အလှူရှင် ၁၃ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် သိန်း ၂၀၀၀ ကို ဂုဏ်ပြုပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများပေးပို့လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စေတနာရှင်ပြည်သူများက ဒံပေါက်ဘူးများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။






ယနေ့တွင် စေတနာရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများကို ရန်ကုန်မြို့မှတစ်ဆင့် လားရှိုးမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးရာ**(အပေါ်ပုံ)** တာဝန် ရှိသူများက လက်ခံရယူကြသည်။


စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းစေကြောင်း၊ တရားသောစစ် အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရှိရသည်။ **(ယာပုံ)**

အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဒံပေါက်ဘူးများအား တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**









မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာန ရေနံချောင်းတက္ကသိုလ်တို့ ပူးပေါင်းကာ အဝေးသင်တတိယအသုတ်(ဝိဇ္ဇာ) အထူးပြုကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂ရက်က အဆိုပါတက္ကသိုလ်ဝင်းအတွင်း၌ ဆောင်ရွက်ရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်၊ ဆေးရုံအုပ်ကြီးဒေါက်တာကျော်ကျော်လင်းတို့ ကြည့်ရှုအားပေးစဉ်။

မြို့နယ် (ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# မုဒုံမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း ကွင်းသရုပ်ပြပွဲကျင်းပ

**မုဒုံ နိုဝင်ဘာ ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မိုးစပါးတစ်ဧက အထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာပေးဆွေးနွေးပွဲနှင့် စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂ ရက်က ဘဲရမ်းကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာ၌ ပြုလုပ်သည်။

ထို့နောက် ဘဲရမ်းကျေးရွာရှိ တောင်သူဦးဘသိန်းပိုင် ကွင်းအမှတ် (၈၄၃) ရှိ မိုးစပါးပျိုးသက်နုကောက်ကွက်ကြဲ (SRI) နှစ်ဧကစံပြကွက် ရိတ်သိမ်းပွဲကိုကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမင်းအောင်မြင့်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းကျော်တို့က ကြည့်ရှုပြီး ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ ရိတ်သိမ်းရာ စပါးအစို တစ်ဧကအထွက်နှုန်း ၆၅ ဒသမ ၁၁ တင်း ထွက်ရှိသည်။

မုဒုံမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ဧက ၇၄၈၃၄ ဧကကို လျာထားပြီး ၇၅၁၉၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအခါ မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများက မိုးစပါးများကို စတင်ရိတ်သိမ်းဆောင်ရွက်နေပြီး စပါးအထွက်နှုန်းကောင်းမွန်ကာ မိုးစပါးပေါ်ချိန် ဈေးကောင်းရရှိကြောင်း သိရသည်။

**သားငယ်(ပြန်/ဆက်)**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေဆိုင်ရာ ပုဒ်မများကို



ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော KIA နှင့် PDF အဖွဲ့ဝင် ၁၀ ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် AK-47 လေးလက်၊ KO လက်နက်ငယ် နှစ်လက်၊ AK-47 (၄၀) တွဲ တစ်လက်၊ 79 နှစ်လက်၊ စနိုက်ပါ တစ်လက်နှင့် ၅ ဒသမ ၅၆ ကျည်အတောင့် ၄၅၀၊ ၇ ဒသမ ၆၂ စနိုက်ပါကျည်အတောင့် ၁၅၀၊ ၄၀ မမ ဗုံးသီး ၂၉ လုံး၊ ကြိုးဆွဲလက်ပစ်ဗုံး ၁၆လုံး၊ ကျည်အိမ်မျိုးစုံ ၂၇ ခုနှင့် ဆက်စပ်ပစ္စည်းများကို အပ်နှံကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၁၆၅ သိန်း ပေးအပ်သည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများကို ဆက်လက်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ပြစ်မှုကျူးလွန်ခြင်းမရှိသော ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့မှ PDF အဖွဲ့ဝင်အမျိုးသမီးတစ်ဦးတို့အား အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် သက်နီးညီနောင်တပ်နယ် မြဝတီခန်းမ၌ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ညောင်တုန်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့်တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းမြို့နယ် ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့များသည် ကိုကိုးကျွန်းမြို့ရှိ ပြည်သူ့ဆေးရုံတွင်အခြေပြု၍ ကိုကိုးကျွန်းမြို့မှ ဒေသခံပြည်သူ ၃၅၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၃ ဦး၊ ခွဲစိတ်ရောဂါ ၂၉ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၁၇ ဦး၊ အရိုးရောဂါ ၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၁၀၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၀ တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**





အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ မြို့နယ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ညောင်တုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် သာသနာ့လင်္ကာရ ကျောင်းကြီးကျောင်းတိုက်၊ ကုဏ္ဍလာရာမ သာသနာ့ဗိမာန်တော်တွင် အခြေပြု၍ ညောင်တုန်းမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၃၅ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။ **(အပေါ်ယာပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့ကဆေးကုသမှုဆိုင်ရာရောဂါ ၂၅၂ ဦး၊ ခွဲစိတ်ရောဂါ ၇၃ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၁၀၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၃ ဦး၊ မျက်စိရောဂါ ၂၀၉ ဦးနှင့် သွားရောဂါ ၂၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ သုံးဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၅၀၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ရှစ်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့မှ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရသည်။

**ဒေါ်ဝင်းဝင်းအေး**
**ဒေသခံပြည်သူ(ကိုကိုးကျွန်း)**

ဒီရောဂါဖြစ်တာ တစ်နှစ်ကျော်လောက်ရှိသွားပါပြီ။ ဒါပေမယ့်ဒီမှာဆေးဝါးတွေလည်း ကုသဖို့ အဆင်မပြေတာကြောင့် ကျွန်မဒီရောဂါကို မကုသရတာပါ။ ဒါပေမယ့် အခုကျတော့ ကျွန်မဘယ်လောက်ပဲ အလုပ်တွေများများ အတတ်နိုင်ဆုံးလာပြီးကုသတယ်။ အခုလို လာရောက်ကုပေးတော့ ငွေကြေးမတတ်နိုင်တဲ့သူတွေလည်း ဒီမှာလာကုသနိုင်ပါတယ်။ ဆရာဝန်ကြီးတွေ၊ ဗိုလ်ကြီးတွေရဲ့ ကုသမှုကလည်း တော်တော်အဆင်ပြေပါတယ်။ ရေခြားမြေခြားကို သင်္ဘောနဲ့ လာပြီး ကုသပေးတဲ့အတွက်ကြောင့် အရာရှိကြီးတွေရော၊ ကုသပေးတဲ့ ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေရော အားလုံးကို ကိုကိုးကျွန်းမြို့ရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။ နောက်တစ်ကြိမ် နောက်တစ်ခါလည်း လာနိုင်ပါစေလို့လည်း ဆုတောင်းပေးပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးအောင်ကျော်နိုင်**
**ကျောက်တိုင်ကျေးရွာ၊ ညောင်တုန်းမြို့**

ကျွန်တော်က မျက်စိလာပြတာပါ။ လာပြတဲ့အခါမှာ ခွဲရမယ်လို့ပြောတယ်။ ကျွန်တော်လည်း ခွဲရမယ်လို့တော့ မထင်ဘူးပေါ့။ နယ်လှည့်ဆေးကုသင်္ဘောက ကြုံခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ကလည်း ခွဲရမယ့်ကိစ္စကို ခွဲမယ်လို့ပဲ ပြောလိုက်ပါတယ်။ ဒီမနက်မှာတော့ ကျွန်တော် ခွဲပြီးသွားပြီပေါ့နော်။ ခွဲစိတ်ပေးတဲ့ ပါရဂူတွေကလည်း စကားပြောတာကအစ အကုန်လုံး ကျွန်တော်တို့အပေါ် မထင်မှတ်ထားလောက်အောင် ပြုစုယုယပြီးတော့ လုပ်ကိုင်ပေးတဲ့အတွက် ကျွန်တော်တို့က အင်မတန်မှ ကျေးဇူးတင်ပါတယ်။

လူနာအပေါ်မှာ လိုလေသေးမရှိအောင်၊ စိတ်ဆိုလည်း စိတ်အလျောက်၊ ကျန်းမာရေးလည်း ကျန်းမာရေးအလျောက် ကျွန်တော်တို့ကို စိတ်အားဖြည့်ပေးတာတွေ အများကြီးတွေ့ရပါတယ်။ တခြားမှာ သွားကုမယ်ဆိုရင် မျက်စိတစ်ဖက် ကုရမယ်ဆိုရင်တောင် လေးငါးခြောက်သိန်း ခုနစ်သိန်း ကုန်ကျတယ်ဆိုတာ ကျွန်တော်တို့ ကိုယ်တိုင်လည်း သိပါတယ်။ အခုဆိုရင် ကျွန်တော်တို့ တစ်ပြားမှမကုန်ဘဲ မျက်စိကို ကောင်းကောင်းမွန်မွန် ခွဲစိတ်ပြီးတော့ အလင်းရောင်ရအောင် လုပ်ပေးတာပါ။ ကျေးဇူးအများကြီးတင်ပါတယ်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ "အတွေ့အကြုံအဖုံဖုံ ပြည်ပ ပညာတော်သင်မှတ်တမ်းစုံ" စာအုပ်ဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ စာပဒေသာ တတိယဆုရရှိသည့် စာရေးဆရာ နွေကံ့ကော် (မြို့လှ) ၏ "အတွေ့အကြုံအဖုံဖုံ ပြည်ပပညာတော်သင် မှတ်တမ်းစုံ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ပညာသင်ကြားခဲ့ရသည့် စာရေးသူ၏ ပညာတော်သင် အတွေ့အကြုံများကို "ရုရှားသို့ ထွက်ခွာခြင်းနှင့် ပထမနှစ်ကျောင်းသားဘဝအတွေ့အကြုံများ၊ ဒုတိယနှစ် ကျောင်းသားဘဝအတွေ့အကြုံများ၊ တတိယနှစ် ကျောင်းသားဘဝ အတွေ့အကြုံများ၊ မှတ်သားမိသမျှ ရုရှားအကြောင်း၊ အလှည့်ကျလို့ ပြန်ရပြီနှင့် ယူခဲ့ချန်ခဲ့သော အရာများ၊ ရုရှားဗျည်း ၃၃ လုံးနှင့် ၎င်းတို့၏ အသံထွက်များ၊ မှတ်တမ်းဓာတ်ပုံများ" ကို အခန်း ငါးခန်းဖြင့် စုစည်းတင်ပြထားသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၂၅၀၀ ဖြင့် အမှတ် (၁၂၉-၁၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈ အမှတ် (တ- ၁၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၁၂၉-၁၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## သီပေါမြို့နယ်လုံးဆိုင်ရာ ဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပ

**သီပေါ နိုဝင်ဘာ ၂**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်လုံးဆိုင်ရာ (၁၂၈) ကြိမ်မြောက် ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့နံနက်ပိုင်းက ဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၂ ကျောင်းမှ ရဟန်းသံဃာပေါင်း ၁၄၈၇ ပါးတို့အား လှူဒါန်းငွေကျပ် ၂၀၈ သိန်းကျော် ဝတ္ထုပစ္စည်းများနှင့်အတူ စာရေးတံမဲဖောက်ကာ ဆွမ်းတော်ကြီးလောင်းလှူကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တမိလိန္ဒထံမှ အနုမောဒနာတရားတော်နှင့် ကိုးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေ၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းတော်ကြီးလောင်းလှူရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဥပတ္ထမ္ဘကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မဟာမြတ်မုနိဂေါပကအဖွဲ့ဝင်များ၊ ရေကြည်တော်ဝတ်အသင်းသားများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ဒေသခံများ တက်ရောက်ကြည်ညိုပါဝင်လှူဒါန်းကြကြောင်း သိရသည်။

စိုင်း (သီပေါ)

## ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်ဂေါပကအဖွဲ့ဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲဆုချီးမြှင့်

**မန္တလေး နိုဝင်ဘာ ၂**

မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဂေါပကအဖွဲ့ ဥက္ကဋ္ဌဖလား စတုတ္ထအကြိမ်မြောက် ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။



ဘော်လီဘောအငယ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကျောက်ဆည်အသင်းက လည်းကောင်း၊ အကြီးတန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရွှေခေတ်သစ် အသင်းကလည်းကောင်း အနိုင်ရဗိုလ်စွဲသည်။ ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ကျောက်ဆည်အသင်းအား တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးရဲသီဟက ဆုတံဆိပ်များနှင့် ဆုငွေကျပ်ခုနစ်သိန်းကို လည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းက ပထမ တံခွန်စိုက်ဆုဖလားကို လည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရ ရွှေခေတ်သစ်အသင်းအား ဆုတံဆိပ်များ၊ ဆုငွေကျပ် ၁၅ သိန်းနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်သည်။ အလားတူ ဂေါပကအဖွဲ့ဥက္ကဋ္ဌဖလား ပထမအကြိမ် ပိုက်ကျော်ခြင်းပြိုင်ပွဲ တစ်ဦးချင်းပွဲစဉ်များ၊ လေးယောက်တွဲပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိသည်။

တင်မောင်(မန္တလေး)

## ပူတာအိုမြို့နယ်၌ မိုးစပါး ဆင်းကေရီ-၃ စံကွက်မှ ၁၀၆ တင်းကျော်နှုန်းထွက်ရှိ

**ပူတာအို နိုဝင်ဘာ ၂**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပူတောင်းကျေးရွာ ကွင်းအမှတ်(၃၂) ဦးပိုင် အမှတ်(၇၁) တောင်သူ ဦးအဂူးဒီး၏လယ်မြေ နှစ်ကေ၌ မိုးစပါး ဆင်းကေရီ-၃ စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁ ရက်က ဆောင်ရွက်သည်။

ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများက ၆ ဒသမ ၆ ပေ စံကွက်ရိတ်သိမ်းခြင်း နည်းစနစ်နှင့်အညီ ဆောင်ရွက်ခဲ့ရာ တစ်ဧက အထွက်နှုန်း ၁၀၆ ဒသမ ၆ တင်းထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမယစ်ယောရှု နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်ထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ခိုင်နှင့်ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြည့်ရှုကြသည်။

ဖုန်ကန်(ပူတာအို)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Sai Minmin Myo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)နေ စိုင်းမင်းမင်းမျိုး(ခ) လုံးလုံးအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "U Lay Gyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ်၊ ဆင်လမ်းကျေးရွာနေ လှိုင်မိုးအား ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Hlaphone Myint" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၅၇)ရပ်ကွက်နေ လှဖုန်းမြင့်အား ည ၁၂ နာရီ ၅ မိနစ်တွင် လည်းကောင်းသက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဖော်ထုတ်အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တောင်ကုတ်မြို့နယ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းကော်မတီမှ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်တင်တင်ကြည်နှင့်အဖွဲ့ဝင်များ မီးချောင်းထိုးကျေးရွာနှင့် ရန်မျိုးကျေးရွာတို့၌ မွေးမြူထားသော တိရစ္ဆာန်ကောင်ရေ စာရင်းကို နိုဝင်ဘာ ၁ ရက်က ကွင်းဆင်းကောက်ယူကြစဉ်။

အောင်လှဖြူ(ရမ်းဗြဲ)

# ပြင်သစ်သမ္မတ ကာဇက်စတန်နိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်

**ပါရီ နိုဝင်ဘာ ၂**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် အာရှအလယ်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ကာဇက်စတန်နိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့သည်။ မက်ခရွန်နှင့် ကာဇက်စတန်သမ္မတ ကက်ဆန်ဂျိုမာ့တ်တိုကာယက်ဗ်တို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူခဲ့ကြသည်။

မက်ခရွန်နှင့်အတူ စွမ်းအင်၊ နျူကလီးယားနှင့် တခြားကဏ္ဍမှ စီးပွားရေးခေါင်းဆောင်များ ပါဝင်သည့်အဖွဲ့တစ်ဖွဲ့လိုက်ပါလာခဲ့သည်။

မက်ခရွန်နှင့်တိုကာယက်ဗ်တို့သည် စွမ်းအင်နှင့် တခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် မက်ခရွန်က မိမိတို့သည် ကာဇက်စတန်နှင့် မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်ရန်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တိုကာယက်ဗ်က မက်ခရွန်၏ ခရီးစဉ်သည် သမိုင်းတွင်မည့် ခရီးစဉ်ဖြစ်ကြောင်းနှင့် ယနေ့လို ပထဝီဝင် နိုင်ငံရေးအခြေအနေ ရှုပ်ထွေးခက်ခဲသည့် အချိန်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းသည် သိသိသာသာအကျိုးဖြစ်ထွန်းကြောင်း ပြောခဲ့သည်။

ပြင်သစ်သည် ကာဇက်စတန်နှင့် နက်ရှိုင်းသော ဆက်ဆံရေးရှိချင်သည်ဟု လေ့လာစောင့်ကြည့်သူများက ပြောသည်။ ကာဇက်စတန်သည် ယူရေနီယံကဲ့သို့သော သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည်။ ပြင်သစ်သည် ၎င်း၏တည်ရှိမှုကို အရှေ့အလယ်ပိုင်းအထိ တိုးချဲ့ချင်ကြောင်း လေ့လာစောင့်ကြည့်သူများက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



# အစ္စရေး - ဟားမားစ်တို့၏ ပဋိပက္ခအတွင်း သေဆုံးသူပေါင်း ၁၀၀၀၀ ကျော်ရှိလာ

**ဂါဇာ နိုဝင်ဘာ ၂**

နိုင်ငံခြားသားများသည် နိုဝင်ဘာ ၁ ရက်တွင် ဂါဇာမှ အီဂျစ်သို့ စတင်ပြောင်းရွှေ့ခဲ့သည်။ ယခုအချိန်အထိ အီဂျစ်နိုင်ငံအတွင်း လူပေါင်း ၃၆၁ ဦး ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း အီဂျစ်သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ဂျပန် နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကိုက အဆိုပါ အီဂျစ်သို့ ဝင်ရောက်ခဲ့သူများတွင် ဂျပန်နိုင်ငံသား ၁၀ ဦးနှင့် ၎င်းတို့၏ ပါလက်စတိုင်းမိသားစုဝင် ရှစ်ဦး ပါဝင်ကြောင်း ပြောသည်။

နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့နှင့် နယ်စည်းမခြားဆရာဝန်များက အီဂျစ်ဘက်ခြမ်းတွင် ဂျပန်အမှုထမ်း သုံးဦးကို ကြိုဆိုခဲ့ကြောင်း ပြောသည်။ အဆိုပါအဖွဲ့က ဂျပန်အမှုထမ်းများနှင့် တိုက်ရိုက်ဆက်သွယ်ခဲ့ပြီး ၎င်းတို့၏ ဘေးကင်းရေးနှင့် ပတ်သက်ပြီး အတည်ပြုခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က နိုင်ငံခြားသားများနှင့် တခြားသူများဘေးကင်းရာသို့ ရွှေ့ပြောင်းရေးသည် ရက်အတော်ကြာဦးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက်က ပြောကြားခဲ့သည်။

အမေရိကန် အရာရှိများက နိုင်ငံခြားသား ၅၀၀၀ ကျော် ဂါဇာကမ်းမြောင်ဒေသမှ ရွှေ့ပြောင်းခွင့်ပြုမည်ဟု ယုံကြည်ကြောင်း စီအင်န်အင်န်က နိုဝင်ဘာ ၁ ရက်က ဖော်ပြခဲ့သည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသရှိ အကြီးဆုံး ဒုက္ခသည်စခန်းတစ်ခုကို နှစ်ရက်ကြာလေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုတွင် လူ ၁၉၅ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းဘက်က ပြောသည်။



ဂါဇာဒေသမှ အရာရှိများကလည်း နှစ်ရက်ကြာတိုက်ခိုက်မှုတွင် အဆောက်အဦးပျက်အောက်ပိပြီး ပျောက်ဆုံးနေသူ ၁၂၀ ရှိကြောင်း ပြောသည်။ အောက်တိုဘာ ၇ ရက်က စတင်ခဲ့သော အစ္စရေး-ဟားမားစ်တို့၏ ပဋိပက္ခအတွင်း သေဆုံးသူပေါင်းမှာ ၁၀၀၀၀ ကျော်ရှိလာပြီး ဂါဇာတွင် သေဆုံးသူ ၈၇၉၆ ဦးရှိကာ အစ္စရေးဘက်တွင် အနည်းဆုံး ၁၄၀၀ ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ လှေတစ်စင်းနစ်မြုပ်ခဲ့သောကြောင့် နှစ်ဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးလျက်ရှိ

**နယူးဒေလီ နိုဝင်ဘာ ၂**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် လှေတိမ်းမှောက်နစ်မြုပ်ခဲ့သောကြောင့် နှစ်ဦး သေဆုံးခဲ့ပြီး ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း အရာရှိများက နိုဝင်ဘာ ၂ ရက်က ပြောသည်။

ဘီဟာပြည်နယ် မြို့တော်ပတ်နာ အနောက်မြောက်ဘက် ၈၅ ကီလိုမီတာအကွာ ဆာရမ်ဒေသ မန်ဟီရေယာရှိ ဆာယုမြစ်ထဲတွင် နိုဝင်ဘာ ၁ ရက် ညနေပိုင်းက လှေတိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

လူ ၁၀ ဦး ရေကူးလွတ်မြောက်ခဲ့ကြောင်း အရာရှိများက ပြောသည်။

အဆိုပါ နစ်မြုပ်ခဲ့သောလှေပေါ်တွင် ၁၉ ဦး လိုက်ပါလာခဲ့ကြောင်း နှစ်ဦးသေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးနေကြောင်းနှင့် ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်မှုများ လုပ်ဆောင်နေကြောင်း၊ လှေတိမ်းမှောက်မှုတွင် ၁၀ ဦး အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

လှေနစ်မြုပ်ပြီးနောက် အာဏာပိုင်များက ကယ်ဆယ်ရေးသမားများနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အရာရှိများကို ကယ်ဆယ်ရေးနှင့် ရှာဖွေရေး လုပ်ငန်းများ လုပ်ဆောင်ရန် အခင်းဖြစ်ပွားရာနေရာသို့ စေလွှတ်ခဲ့သည်။

ပျောက်ဆုံး နေသူများကို နိုဝင်ဘာ ၁ ရက် ညပိုင်းအထိ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင်လည်း ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

သေဆုံးသူများမှာ လယ်သမားများဖြစ်ကြပြီး နံနက်ပိုင်းတွင် လယ်တောထဲသွားပြီး ညနေခင်း အိမ်ပြန်လာချိန် လှေတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

လှေတိမ်းမှောက်မှုများသည် အိန္ဒိယတွင်ဖြစ်လေ့ရှိသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ရိုးရာ လက်လုပ်လှေများဖြင့် သွားလာလေ့ရှိသည်။ **ဆင်ဟွာ**



# ဂျပန်နိုင်ငံခြားရေးဝန်ကြီး အစ္စရေးအနောက်ဘက်ကမ်းနှင့် ဂျော်ဒန်နိုင်ငံများသို့ သွားရောက်

**တိုကျို နိုဝင်ဘာ ၂**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကိုသည် နိုဝင်ဘာ ၂ ရက်က အစ္စရေး အနောက်ဘက်ကမ်းနှင့် ဂျော်ဒန်နိုင်ငံများသို့ သွားရောက်ရန် တိုကျိုမှ ထွက်ခွာခဲ့သည်။

အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနှင့် ပါလက်စတိုင်းအစ္စလာမ္မစ်စစ်သွေးကြွများအကြား ပဋိပက္ခဖြစ်ပွားချိန်မှစတင်ကာ အစ္စရေးသို့မဟုတ် အနောက်ဘက်ကမ်းသို့ သွားရောက်ခဲ့ခြင်းသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေဖြင့် ပထမဆုံး ခရီးစဉ်ဖြစ်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးသည် နိုဝင်ဘာ ၃ ရက်တွင် အစ္စရေးနှင့် ပါလက်စတိုင်းအာဏာပိုင်များနှင့်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။ နိုဝင်ဘာ ၅ ရက်တွင် ဂျပန်နိုင်ငံသို့ မပြန်မီ ဂျော်ဒန်သို့လည်း သွားရန် စီစဉ်ထားသည်။

ခရီးစဉ်မတိုင်မီ ကာမီကာဝါသည် နိုင်ငံခြားရေးဝန်ကြီးဌာန၌ သတင်းထောက်များကို တွေ့ဆုံစကားပြောခဲ့သည်။ ကာမီကာဝါသည် ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများအကြောင်း ဆွေးနွေးသွားမည်ဖြစ်ပြီး ပါလက်စတိုင်းပြည်သူများကို ကူညီထောက်ပံ့ရန် ဂျပန်နိုင်ငံ၏ ရည်ရွယ်ချက်ကို ထုတ်ဖော်ပြသသွားမည်ဖြစ်သည်။

နှစ်ဖက်တင်းမာမှုများလျှော့ချရန် သံတမန်နည်းလမ်းများဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံ အဆင့်မြင့်နည်းပညာများနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ စီးပွားရေးနယ်ပယ်များကို ကူးပြောင်းဆောင်ရွက်

**ဘန်ကောက် နိုဝင်ဘာ ၂**

ကမ္ဘာ့စီးပွားရေးကျဆင်းနေပြီး ဘက်ပေါင်းစုံ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း ထိုင်းနိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဆင့်မြင့်နည်းပညာများနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ စီးပွားရေးနယ်ပယ်များကို ကူးပြောင်းဆောင်ရွက်နေပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ဆရက်သာသာ ဗီဆင်က ပြောကြားခဲ့သည်။

ကမ္ဘာကြီး ကပ်ဘေးဆိုက်ပြီးနောက်ပိုင်း ကမ္ဘာ့စီးပွားရေး ယှဉ်ပြိုင်မှုကြီးထွားလာချိန်၊ နိုင်ငံတကာပဋိပက္ခမြင့်တက်လာချိန်၊ ကမ္ဘာ့လိုအပ်ချက်များပြောင်းလာချိန်၊ ရာသီဥတုပြောင်းလာချိန်တွင် ထိုင်းနိုင်ငံတိုးတက်ကြီးပွားရန်အတွက် အနာဂတ်အာမခံချက် လိုအပ်ကြောင်း နိုင်ငံခြားစက်မှုလုပ်ငန်းကလပ် ညစာစားပွဲ၌ ဆရက်သာက ပြောကြားခဲ့သည်။

စီးပွားရေးလမ်းကြောင်းမှန်ပေါ်ရောက်ရှိရန် အရေးတကြီး လိုအပ်ကြောင်းနှင့် ရေရှည်တွင် နိုင်ငံပိုမိုကြီးပွားအောင်မြင်ရန် နည်းလမ်းများချမှတ်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ အခြေခံကုန်သွယ်မှုများနှင့် အခြေခံစိုက်ပျိုးရေးထုတ်ကုန်များကို နည်းပညာသစ်များဖြင့် အဆင့်မြင့်ပြောင်းလဲထုတ်လုပ်နိုင်ရန် ဆရက်သာက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် နိုဝင်ဘာ ၂**
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှု၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV MCL–5 ရေယာဉ်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ ပေးပို့သည့် ဆန် ၂၄ ပြည် အိတ် ၄၀၀၀၀ နှင့် စည်သွတ်ဘူး၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် အချိုရည် စသော အသင့်စားသောက်နိုင်သည့် စားသောက်ကုန်ပစ္စည်းများ အပါအဝင် စုစုပေါင်း ၂၀၅၆ ဒသမ ၅၁ တန် တင်ဆောင်၍ ယနေ့ ညနေပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။ **သတင်းစဉ်**



# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး အရန်သင့်ပြင်ဆင်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၂
**ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ဝင်ရောက်လာသူများအား လက်ခံရေးအတွက် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရ ပြန်လည်လက်ခံရေးစခန်းနှင့် ပြန်လည်ဝင်ရောက်လာသူများ ယာယီနေထိုင်မည့် လှဖိုးခေါင်ကြားစခန်းတို့ကို ဖွင့်လှစ်ထားရှိသည်။**

အဆိုပါ စခန်းများအနက် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းနှင့် ငါးခူရ ပြန်လည်လက်ခံရေးစခန်းတို့သို့ နေရပ်စွန့်ခွာသူများ ရောက်ရှိလာပါက လူတစ်ဦး တစ်ရက်လျှင် စားစရိတ်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ထောက်ပံ့နိုင်ရေးအတွက် ရန်ပုံငွေ ခွင့်ပြုထားပြီး လူသုံးကုန်ပစ္စည်း (ကျား လုံချည်/ မလုံချည်၊ စောင်၊ တီရှပ်၊ ဆပ်ပြာ) တို့ကို လူဦးရေအလိုက် ထောက်ပံ့နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရ ပြန်လည်လက်ခံရေးစခန်း၊ စစ်တွေခရိုင်ဦးစီးမှူးရုံးနှင့် မောင်တောခရိုင်ဦးစီးမှူးရုံးတို့တွင် အရန်သင့်ထားရှိသည်။

ထို့ပြင် လှဖိုးခေါင်ကြားစခန်းတွင် ပြန်လည်ဝင်ရောက်လာသူများ ယာယီနေထိုင်စဉ် လူတစ်ဦး တစ်လအတွက် တစ်ယူနစ်နှုန်း (ဆန် ရှစ်ပြည်၊ ဆီ တစ်လီတာ၊ ဆား ၀ ဒသမ ၂၅ ပိဿာ၊ ကုလားပဲခြမ်း ၁ ဒသမ ၅ ပိဿာ) ထောက်ပံ့နိုင်ရေးအတွက် ရန်ပုံငွေခွင့်ပြုထားပြီး စခန်း၌ စုစုပေါင်းယူနစ် ၅၀၀ စာကို အသင့်ဝယ်ယူ သိုလှောင်ထားရှိသည့်အပြင် မီးဖိုချောင်သုံးပစ္စည်းစုံ (Kitchen Set) ၃၁၉၁ စုံ၊ မိသားစုပစ္စည်းစုံ (Family Kits) အစုံ ၆၀၀ ကို လှဖိုးခေါင်ကြားစခန်းနှင့် မောင်တောခရိုင်ဦးစီးမှူးရုံးတို့တွင် အရန်သင့်ထားရှိပြီး မိသားစု တစ်စုလျှင် တစ်စုံနှုန်း ထောက်ပံ့သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

# ကြို့ပင်ကောက်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကြို့ပင်ကောက် နိုဝင်ဘာ ၂**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ မှော်ဘီ–၃ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောင်ပင်သာကျေးရွာအုပ်စု ကျွဲဘိကျေးရွာမှ တောင်သူဦးထွန်းထွန်းမြင့် မျိုးစေ့ထုတ်စံပြစိုက်ခင်း၌ နိုဝင်ဘာ ၂ ရက်က ပြုလုပ်သည်။

အဆိုပါ မှော်ဘီ–၃ စပါးမျိုးကို ပေါင်းတည်မြို့ မျိုးသန့်ခြံမှ ဝယ်ယူစိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ သဘာဝမြေဩဇာနှင့် ယူရီးယား ဓာတ်မြေဩဇာထည့်သွင်းစိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် စပါးအစို ၁၂၅ တင်းခန့် ထွက်ရှိကြောင်း၊ ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားချက်များဖြင့် စိုက်ပျိုးခဲ့သောကြောင့် အထွက်နှုန်းတိုးတက်ရရှိခဲ့ကြောင်း အဆိုပါတောင်သူထံမှ သိရသည်။ မှော်ဘီ–၃ မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုငြိမ်း၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇေယျာထွန်း (ကြို့ပင်ကောက်)**

*○ ကျော့ဖုံးမှ*

ဓလေ့သည် ကမ္ဘာတွင် တစ်ခုတည်းသာရှိသည့်အတွက် ကမ္ဘာ့အမွေအနှစ်စာရင်းကိုလည်း တင်သွင်းလိုသည်ဟု ကျောက်ဆည်ဆင်ပွဲတော် ဒိုင်၊ ဆင်အကပညာရှင် ဦးဇော်ကြီးက ယခုလိုပြောပြထားသည်။

"ကျောက်ဆည်ဆင်ပွဲတော်နဲ့ ဆင်လှူဒါန်းတဲ့ဓလေ့ဟာ ကျောက်ဆည်မြို့ တစ်မြို့တည်းမှာပဲ ရှိတာ။ ကမ္ဘာပေါ်မှာ တစ်ခုတည်းသာရှိတဲ့အတွက် ကမ္ဘာ့အမွေအနှစ်စာရင်းကိုလည်း ကျွန်တော်တို့ တင်သွင်းချင်ပါတယ်။ အရင်တုန်းကတော့ ကျောက်ဆည်ဆင်ပွဲတော်ကို ဒေသအဆင့်၊ နိုင်ငံအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ဖို့ ပညာရှင်တွေက ကြိုးပမ်းခဲ့ဖူးပါတယ်။ ကျောက်ဆည်ဆင်အက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ဆိုရင် ဆင်အကပညာရှင်တွေအနေနဲ့ ပူးပေါင်းပါဝင်ချင်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့အထိ ပါဝင်ဆောင်ရွက်ချင်ပါတယ်" ဟု ဦးဇော်ကြီးက ပြောသည်။

ယခုနှစ် ကျောက်ဆည်ဆင်ပွဲတော်တွင် ယခင်နှစ်ကထက် ပြိုင်ပွဲဝင်ဆင်ကောင်ရေများပြီးမျိုးဆက်သစ်ဆင်အကကနိုင်သူများတိုးခဲ့ကာ ပထမဆုရသည့် မြင်စိုင်းဇာနည်ဆင်အကအဖွဲ့မှ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအရ ပြိုင်ပွဲဝင်ဆင်ရုပ်ကြီးတစ်ခုလုံးကို ရွှေသာလျောင်းတောင်အောက်ကိုပစ်ချပြီး ဆင်ရုပ်လှူဒါန်းခဲ့သလို ကျန်အသင်းဝင်များကလည်း ဆင်ရုပ်အသေးများကို လှူဒါန်းခဲ့သည်ဟု ဆိုသည်။

ကျောက်ဆည်ဆင်ပွဲတော်သည် အနော်ရထာမင်းလက်ထက်တွင် စတင်ခဲ့ပြီး မြတ်စွာဘုရား၏စွယ်တော်ပွားကို စေတီတော်တည်ရန် ဆင်ဖြူတော်ပေါ်တင်ကာ စေလွှတ်ခဲ့ပြီး အနော်ရထာမင်းကြီး၏ မြတ်စွာဘုရားစွယ်တော်တင်သည့်ဆင်ဖြူတော် (ဆင်မယဉ်သာ) အတွက် သတိတရရည်စူးပြီး လှူဒါန်းအမျှပေးဝေရန် အမိန့်ဒ္ဒါန်ထားခဲ့သည့်အတိုင်း ဆွမ်းတော်ကြီးကပ်ပွဲ၊ မြသပိတ်တော်၊ မီးထွန်းပွဲနှင့်အတူ ဆင်မရုပ်တို့ဖြင့် ဆင် ၁၀ မျိုး လှူဒါန်းရသည့် ထုံးတမ်းစဉ်လာဖြစ်လာခဲ့ကြောင်းနှင့် ယင်းထုံးတမ်းအစဉ်အလာကို ကျောက်ဆည်မြို့၌ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ဆင်ရုပ်လှူဒါန်းခြင်းအပြင် ဆင်အကပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ TC

# မုံရွာမြို့၌ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းဖွင့်

**မုံရွာ နိုဝင်ဘာ ၂**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူကုန်ကူးမှုအန္တရာယ်ကာကွယ်နိုင်ရေးရည်ရွယ်၍ အမှတ်(၁၄)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုရုံး(မုံရွာ)အနေဖြင့် ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းအမှတ်စဉ်(၁/၂၀၂၃) ဖွင့်ပွဲကို အောက်တိုဘာလ နောက်ဆုံးပတ်က မုံရွာမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက အမှာစကားပြောကြားပြီးနောက် အမှတ်(၁၄)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မုံရွာ) တပ်ဖွဲ့စုမှူး ရဲမှူးမြင့်စိုးက လူမှောင်ခို၊ လူကုန်ကူးမှုနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ရဲအုပ်ဒွေးအောင်က ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ စိစစ်ဖော်ထုတ်သည့်ပုံစံများကို ဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြပြီး နိုဝင်ဘာ ၂ ရက်အထိ သင်တန်းဖွင့်လှစ် ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

*✻ ကျော့ဖုံးမှ*



အဆိုပါ ကိုရီးယားအနုပညာရှင်များနှင့်အဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြပြီး နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်) နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက နှစ်နိုင်ငံ အလံများ ဝှေ့ယမ်း၍ လည်းကောင်း၊ အဆိုတော်များ၏ ဓာတ်ပုံပါ စာတန်းများကိုင်ဆောင်၍ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှစီစဉ်သည့် မြန်မာ့ရိုးရာ အိုးစည်ဒိုးပတ်အဖွဲ့ဖြင့် လည်းကောင်း လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

အဆိုပါ အဖွဲ့သည် ရန်ကုန်မြို့ Lotte ဟိုတယ်တွင် တည်းခိုကြမည်ဖြစ်ပြီး နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Friday Night Live Show ၌ ပါဝင်ဖျော်ဖြေမည် ဖြစ်သည်။ **သတင်းစဉ်**

*❖ ကျော့ဖုံးမှ*

မန်စီးတီးအသင်းအား သုံးဂိုးပြတ်ရှုံးနိမ့်မှုကို ယခုပွဲစဉ်တွင် ကစားသမားအပြောင်းအလဲများစွာပြုလုပ်ကာ ချေဖျက်ရန် ကြိုးစားလာသော်လည်း တိုက်စစ်အဆုံးသတ်ပိုင်းအားနည်းပြီး အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်များစွာရှိနေသည့်အတွက် ဂိုးပြတ်ရှုံးပွဲ ထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂိုးပြတ်ရှုံးနိမ့်မှုကြောင့် အီးအက်ဖ်အယ်ဖလား လက်ရှိချန်ပီယံ မန်ယူအသင်းသည် ယခုနှစ်တွင် စတုတ္ထအဆင့်၌ပင် လက်ပြန္ဓတ်ဆက်ခဲ့ရပြီ ဖြစ်သည်။ ထို့အပြင် မန်ယူအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် ၁၉၆၂–၁၉၆၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ရာသီအစ ပွဲစဉ် ၁၅ ပွဲတွင် ရှုံးပွဲရှစ်ပွဲအထိ ရှိလာခြင်းလည်း ဖြစ်သည်။

ယခုပွဲစဉ်တွင် ဂိုးပြတ်အနိုင်ရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သော နယူးကာဆယ်အသင်းသည် အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အသင်းကြီး ချယ်ဆီးအသင်းနှင့် ထပ်မံရင်ဆိုင်သွားရမည်ဖြစ်သည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ဝက်စ်ဟမ်းက အာဆင်နယ်ကို သုံးဂိုး–တစ်ဂိုး၊ လီဗာပူးက ဘုန်းမောက်ကို နှစ်ဂိုး–တစ်ဂိုး၊ ချယ်ဆီးက ဘလက်ဘန်းကို နှစ်ဂိုး–ဂိုးမရှိ၊ အဲဗာတန်က ဘန်လေကို သုံးဂိုး–ဂိုးမရှိ၊ ဖူလ်ဟမ်က အစ်ဆွစ်ကို သုံးဂိုး–တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲပြီးဆုံးချိန်တွင် အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ကာတွားဖိုင်နယ်ပွဲစဉ်များကို မဲနှိုက်ရွေးချယ်ခဲ့ရာ ချယ်ဆီး က နယူးကာဆယ်၊ အဲဗာတန်က ဖူလ်ဟမ်၊ ပေါ့သ်ဗေးက မစ်ဒယ်ဘရော့၊ လီဗာပူးက ဝက်စ်ဟမ်းအသင်းနှင့် တွေ့ဆုံနေသည်။ **အောင်ဇော်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂**
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားအထိ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းနေကြရသည့် ပင်လောင်းမြို့နယ်မှ လိမ္မော်သီး

တွေ့ဆုံမေးမြန်း - ခွန်ရဲ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိရာ လက်ဖက်၊ပြောင်း၊ ချင်း၊ အာလူး၊ ခရမ်းချဉ်၊ လိမ္မော်၊ ပန်းမုန်လာနှင့် ဂေါ်ဖီထုပ်စသည်များ စိုက်ပျိုးကြပြီး မြန်မာနိုင်ငံအနှံ့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ယင်းစိုက်ပျိုးသီးနှံများအနက် လိမ္မော်စိုက်ပျိုးပြီး ဝင်ငွေကောင်းမွန်လျက်ရှိသည့် ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု ထာငိုကျေးရွာမှ တောင်သူတစ်ဦးအား လိမ္မော်သီးများ စိုက်ပျိုးတင်ပို့ရောင်းချနေမှုအခြေအနေကို တွေ့ဆုံမေးမြန်းရေးသားလိုက်ပါသည်-



**မေး ။ ။ လိမ္မော်ပင်ကို စိုက်ပျိုးဖြစ်ခဲ့တဲ့ အကြောင်းလေး ရှင်းပြပေးပါဦး။**

ဖြေ ။ ။ ဒီလိမ္မော်ကို ၂၀၁၃ ခုနှစ်ကနေမှ စတင်စိုက်ပျိုးခဲ့ပြီး ဘိုးဘေးတွေ စတင်လုပ်ကိုင်ခဲ့တဲ့ လုပ်ငန်းဖြစ်တာကြောင့် အစဉ်အဆက် စိုက်ပျိုးလာခဲ့ရာမှ အခုဆိုရင် ဒီလိမ္မော်ခြံက နှစ်ပေါင်း ၁၀ နှစ်ကျော်ခဲ့ပြီး ဖြစ်ပါတယ်။

**မေး ။ ။ ဒီလိမ္မော်ပင်တွေ မစိုက်ပျိုးခင်ကာလတွေတုန်းက မြေတွေကို ဘယ်လိုပြုပြင်ရသေးလဲ ပြောပြပေးပါဦး။**

ဖြေ ။ ။ မစိုက်ပျိုးခင်တုန်းကတော့ အရင်ဦးဆုံး ပေါင်းမြက်တွေကို မြက်ရိတ်စက်နဲ့ ရိတ်ခဲ့ရတယ်၊ မြက်ရိတ်ပြီးတော့ မြေတွေကို မွသွားအောင် ထွန်စက်နဲ့ထွန်ပြီး ထွန်ပြီးသားမြေကို ညီညာနေအောင် အရင်ဦးဆုံးညှိရတယ်။ ပြီးမှစိုက်ရတာပေါ့။ အပင်မစိုက်မီ သုံးလခန့်ကြိုတင်ပြီး ကျင်းတွေကို တူးရပါတယ်။ နှစ်ပေပတ်လည် နှစ်ပေအနက်တူးပြီး နွားချေးနဲ့ မြေဆွေးတွေကို စိုက်ကျင်းအထက် လေးလက်မလောက် မောက်အောင်ဖို့ပြီး မြေနှပ်ထားရတယ်။ ပင်ကြားတန်းကြား အကွာအဝေးကလည်း တစ်ပင်နဲ့တစ်ပင်ထိမနေစေဖို့ လိုအပ်ပါတယ်။

**မေး ။ ။ ဒီလိမ္မော်ပင်က ဘယ်လို မြေအမျိုးအစားမှာ စိုက်ပျိုးဖြစ်ထွန်းပါသလဲ။**

ဖြေ ။ ။ မြေသားထုနက်ပြီး သဲကဲ့သို့မဖွာ၊ မစေးသောမြေမျိုးမှာ ကောင်းစွာဖြစ်ထွန်းပါတယ်။ လိမ္မော်စိုက်ပျိုးဖို့ အကောင်းဆုံး မြေချဉ်ငန်ဓာတ်က pH (၆၇) ဖြစ်ရမယ်။ ရေဝပ်သောမြေနဲ့ စိမ့်ပေါက်သောမြေတွေမှာ အပင်မဖြစ်ထွန်းနိုင်ဘူး။

**မေး ။ ။ ကျင်းထဲထည့် စိုက်ပျိုးဖို့ ဘယ်အချိန်လောက်မှာ သင့်တော်ပါသလဲ။**

ဖြေ ။ ။ ပျိုးပင်သက်တမ်း အနည်းဆုံးတစ်နှစ်ခွဲကနေ နှစ်နှစ်သားခန့်ရှိမှ ကျင်းထဲထည့် စိုက်ပျိုးသင့်ပါတယ်။ မိုးရွာသွန်းမှုပေါ် မူတည်ပြီး ဇွန်၊ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ စိုက်ပျိုးသင့်ပါတယ်။

**မေး ။ ။ အပင်တွေ ကောင်းကောင်းမွန်မွန် ရှင်သန်ကြီးထွားဖို့ ပေါင်းမြက်တွေကို ဘယ်လို ရှင်းပေးရပါသလဲ။**

ဖြေ ။ ။ အပင်ကောင်းကောင်းမွန်မွန်နဲ့ ရှင်သန်နေဖို့ဆိုရင် အပင်ခြေမှာရှိတဲ့ ပေါင်းပင်တွေ၊ မြက်တွေကို အမြဲရှင်းထားရပါတယ်။ အပင်ငယ်ရင်တော့ အပင်ရဲ့ ဘေးပတ်ဝန်းကျင် နှစ်ပေပတ်လည်၊ အပင်ကြီးရင်တော့ လေးပေပတ်လည်အထိ ပေါင်းတွေကို ရှင်းရပါတယ်။ မိုးရာသီမှာ ပေါင်းပင်တွေ အလွယ်တကူပေါက်နိုင်လို့ မိုးတွင်းဆိုရင် မြေကို နှစ်ကြိမ်၊ နွေရာသီဆိုရင် မြက်ပင်က မပေါက်နိုင်တော့ မြေကို တစ်ကြိမ် ဆွပေးရပါတယ်။

**မေး ။ ။ အပင်အတွက်လိုအပ်တဲ့ အာဟာရတွေအတွက် မြေဩဇာထည့်ပေးရသေးလား။ ထည့်ရရင် ဘယ်လိုမြေဩဇာ သုံးပါသလဲ။**

ဖြေ ။ ။ အပင်အတွက် လိုအပ်တဲ့အာဟာရတွေ အများအားဖြင့်သဘာဝမြေဩဇာတွေဖြစ်တဲ့ နွားချေးကို ထည့်ကြရပါတယ်။ တချို့က (N:P:K) အချိုးပါတဲ့ မြေဩဇာကို မိုးဝင်ခါစ မေလနဲ့ ဇူလိုင်လမှာ ကျွေးကြရပါတယ်။

**မေး ။ ။ အပင်တွေ ပိုးမွှားရောဂါဒဏ်ကနေ ဘယ်လိုကာကွယ်နှိမ်နင်းရမလဲ။**

ဖြေ ။ ။ အများအားဖြင့်တော့ ဒီလိမ္မော်ပင်ကို ရွက်ထွင်းပိုး၊ ပျံပိုးစေးနဲ့၊ လှေပိုးတွေက အများဆုံး ကျရောက်တတ်တာကြောင့် ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဖျန်းပေးရပါတယ်။ သီးလုံးပုပ် ရောဂါ၊ ရွက်ပြောက်မှိုရောဂါတွေ မကျဖို့အတွက် ဩဘာကထုတ်တဲ့ ဖန်ဂိုရမ်၊ ဂျက်ကက်၊ မန်ကိုမက်တွေကို စနစ်တကျဖော်စပ်ပြီးမှ နည်းစနစ်မှန်မှန် မကြာခဏ ဖျန်းပေးရပါတယ်။

**မေး ။ ။ ဒီလိမ္မော်ကို ဘယ်အချိန်လောက်မှာ အများဆုံး ခူးဆွတ်ကြရပါသလဲ။ ဘယ်ကိုတင်ပို့ရောင်းချကြပါသလဲ။ ပြည်တွင်းအပြင် ပြည်ပကိုပို့ဖို့ အစီအစဉ်ရှိပါလားသလား။**

ဖြေ ။ ။ ကျွန်တော်တို့ဒေသက လိမ္မော်သီးကိုတော့ အောက်တိုဘာလကနေစပြီး ခူးဆွတ်ရောင်းချရပါတယ်။ ဒီဇင်ဘာလလောက်ဆို အသီးတွေ သိပ်မရှိတော့ဘူး။ တင်ပို့ရောင်းချမှုနဲ့ပတ်သက်ပြီး ပင်လောင်းမြို့နယ်ထဲမှာရှိတဲ့ ငါးရက်တစ်ဈေး၊ လွိုင်ကော်၊ အောင်ပန်းကုန်စည်ဒိုင် အဲဒီကနေတစ်ဆင့် ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော် မြန်မာနိုင်ငံအနှံ့အပြားတော့ တင်ပို့ရောင်းချရတယ်။ ကျွန်တော်တို့လို တောင်သူတွေအနေနဲ့၊ လုပ်ငန်းရှင်ကြီးတွေနဲ့ ချိတ်ပြီးမှ ပြည်ပနိုင်ငံတွေကို တင်ဖို့ ရောင်းချနိုင်ဖို့အတွက် ကြိုးစားကြရဦးမယ်။

**မေး ။ ။ အသီးအရွယ်အစားအလိုက် ဈေးနှုန်းတွေ သတ်မှတ်ထားတယ်လို့ သိရပါတယ်။ အသီးအရွယ်အစားကို ဘယ်လိုသတ်မှတ်ပြီး ဈေးနှုန်းတွေအနေနဲ့ရော ဘယ်လိုရောင်းချရပါသလဲ သိပါရစေ။**

ဖြေ ။ ။ အသီးတွေကို အရွယ်အစားအနေနဲ့ တစ်၊ နှစ်၊ သုံး၊ လေးဆိုပြီး ဆိုက်လေးမျိုးရှိတယ်။ တစ်ဆိုက်ကိုတော့ တစ်ပိဿာကို ကျပ် ၄၅၀၀-၅၀၀၀ ရောင်းရတယ်၊ နံပါတ်နှစ်ဆိုက်ကတော့ ကျပ် ၃၀၀၀-၄၀၀၀၊ နံပါတ်သုံးဆိုက်က ကျပ် ၂၀၀၀-၂၇၀၀၊ နံပါတ်လေးဆိုက်ကတော့ ကျပ် ၁၀၀၀-၁၅၀၀ ထိ အသီးအရွယ်အစားအပေါ် မူတည်ပြီး အမျိုးမျိုးရောင်းရပါတယ်။

**မေး ။ ။ အစ်ကိုတို့အနေနဲ့ ဒီလိမ္မော်ကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးတာလား၊ စီးပွားဖြစ်စိုက်တာလား သိရပါစေ။**

ဖြေ ။ ။ ဒီလိမ္မော်ခြံက အပင်ပေါင်း ၁၂၀၀ ကျော် ရှိတယ်ဆိုတော့ စီးပွားဖြစ်စိုက်ပျိုးထားတာပါ။ တစ်နှစ်ပတ်လုံးရောင်းချပြီး စာရင်းအကုန်ချုပ်ရင်တော့ ကျပ်သိန်း ၂၀၀ ဝန်းကျင်တော့ ကျန်ပါတယ်။ ဒီလိမ္မော်စိုက်ပျိုးပြီး အဲဒီလောက်ကျန်တော့ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေပါတယ်။

**မေး ။ ။ တခြား လိမ္မော်မစိုက်ဘဲ ဝင်ငွေနည်းတဲ့ တောင်သူတွေကို ဒီလိမ္မော်စိုက်ပျိုးဖို့ ဘယ်လိုအကြံပြုချင်ပါသလဲ။**

ဖြေ ။ ။ ဒီလိမ္မော်ပင်က နှစ်ရှည်ပင်ဖြစ်တဲ့အတွက် နှစ်ကာလကြာမှ တစ်ကြိမ်သာ စိုက်ပျိုးရတဲ့အတွက် မစိုက်ပျိုးရသေးတဲ့ တောင်သူတွေကို စိုက်ပျိုးစေချင်ပါတယ်။ စစိုက်ပျိုးပြီး ငါးနှစ်လောက်နေရင် အသီးသီးပြီး နှစ်စဉ်မိသားစုဝင်ငွေရနေတာကြောင့် စိုက်ပျိုးကြဖို့နဲ့ စိုက်ပျိုးပြီးရင်လည်း အခင်းကြီးကို ပစ်မထားဘဲ သေချာဂရုစိုက်ထိန်းသိမ်းကာကွယ်ဖို့ ဒါမှလည်း ဝင်ငွေနည်းတဲ့ တောင်သူတွေအနေနဲ့ မိသားစုဝင်ငွေတွေကောင်းမွန်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်သူများ မိသားစုဝင်ငွေရရှိပြီး လူနေမှုဘဝမြင့်မားစေရန်အတွက် နှစ်စဉ်ပုံမှန်ဝင်ငွေရရှိနေကြသည့် ပင်လောင်းမြို့နယ်ထဲက စိမ်းစိုလှပပြီး သာယာလှပသည့် ထာငိုရွာမှ လိမ္မော်သီး စိုက်ပျိုးရောင်းချနေမှုအကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ ❖ ❖



လိမ္မော်ပင်ပေါ်တွင် အသီးသီးနေသော လိမ္မော်သီးများကို တွေ့ရစဉ်။



ခူးဆွတ်ပြီးသော လိမ္မော်သီးများကို အရွယ်အစားရွေးနေစဉ်။

## နေပြည်တော်စာပေဝိုင်းမှ (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် အဖြစ် (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် နေပြည်တော်စာပေဝိုင်း မှ စာရေးဆရာ၊ စာရေးဆရာမများ(ကိုယ်စား) အမျိုးသားစာပေဆုရှင်ဆရာကြီးချစ်နိုင် (စိတ်ပညာ) က ငွေကျပ် ၄၀၀၀၀၀ ကို ယမန်နေ့က ပေးအပ် လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူ ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆုရှင် ဆရာကြီး ချစ်နိုင်(စိတ်ပညာ)က မုဒိတာစကားပြောကြားပြီး လှူဒါန်းပွဲသို့ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ စာရေးဆရာကြီး ချစ်နိုင်(စိတ်ပညာ)၊ စာရေးဆရာ ကဖိုးကျင်၊ စာရေး ဆရာမ ဇင်(ရန်ကုန်တက္ကသိုလ်)၊ စာရေးဆရာ စိန်ဝင်းနွယ်(ဘာသာပြန်)၊ စာရေးဆရာ ရဲမွန်ကျော်၊ စာရေးဆရာ ဟန်ညွန့်(ယဉ်ကျေးမှု)၊ စာရေးဆရာ အိုင်ပီမျိုးအောင်၊ စာရေးဆရာ နွေဦးကိုကို၊ စာရေး ဆရာ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ စာရေးဆရာ အောင်ဆွေ ထက် (ရွှေးမြို့တော်)၊ စာရေးဆရာမ ချယ်ချယ်(YU)၊ စာရေးဆရာမ နန်းနန်း(စပါးကျီ)၊ စာရေးဆရာ မောင်အောင်ဝေ (ညောင်ခြေထောက်)နှင့် စာရေး ဆရာ မောင်သန်းညွန့်(မြစ်ခြေ)တို့ တက်ရောက်ကြ သည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်း လိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် ၁၇၃/၁၇၅၊ (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၅၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အသက်(၈၀) နှင့်အထက် ဆရာသမားများနှင့် အသင်းဝင် သက်ကြီးဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ဒေါ်စန်းမြင့်မြင့်- (ဦးဇော်ဝင်း)က အလှူငွေကျပ် တစ်သိန်း၊ နယူးလိုက် ဝန်ထမ်းဟောင်း ဒေါ်စန်းမြင့် (ခေတ္တဂျပန်)က အလှူငွေကျပ်တစ်သိန်း၊ ဒေါ်ခင်မော်စိုး (လ/ထ မန်နေဂျာ - ငွေ) (ငြိမ်း) က အလှူငွေကျပ်တစ်သိန်း၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) တာဝန်ခံ ဦးလှခိုင်(စာတည်းမှူး)+ဒေါ်အေးအေးမူက အလှူ ငွေကျပ်ငါးသောင်း၊ ဦးစိုးမင်း(စာတည်း) (ငြိမ်း)က အလှူငွေကျပ်ငါးသောင်း၊ ဦးစိန်ဝင်း (စီး/ကူး) + (ဒေါ်မာမာအေး) က အလှူငွေကျပ် ငါးသောင်း၊ မြန်မာ့အလင်းသတင်းစာတိုက်မှ မန်နေဂျာ ဦးဇော်မင်းက အလှူငွေကျပ်ငါးသောင်း၊ ဒေါ်မြအေး (ဝန်ထမ်းဟောင်း)၊ ဒေါ်မြင့်မြင့်စိန် (ငွေ/ရှိ)၊ ဒေါ်မြင့်မြင့်သန်း (ပုံနှိပ်ကျွမ်းကျင်) တို့က အလှူငွေ ကျပ် သုံးသောင်းစီ၊ ဦးစိုးထူး (စာရင်းကိုင်-၁)၊ ဒေါ်ကေဇင်လတ် (ရုံးအုပ်) တို့က အလှူငွေကျပ် နှစ်သောင်းစီ၊ ဦးဝင်းခိုင်၊ ဦးထွန်းထွန်းလင်း (ပုံ/ရှိ)၊ ဦးနှင်းမိုး + ဒေါ်ခင်စုစုအောင်၊ ဒေါ်ခင်ခင်ပြုံး၊ ဒေါ်သက်သက်လှိုင်၊ ဒေါ်ယုယုလှ၊ ဒေါ်အိမွန်ကျော် နှင့် စီမံဌာနမှ ဝန်ထမ်းများက စုပေါင်းအလှူငွေကျပ် ခြောက်သောင်းသုံးထောင်၊ ဒေါ်ခင်သိန်းဝင်း (လ/ထ မန်နေဂျာ)က အလှူငွေကျပ်သုံးသောင်း စုစုပေါင်း အလှူငွေကျပ် ခုနစ်သိန်းသုံးသောင်း သုံးထောင်ကို နိုဝင်ဘာ ၁ ရက်က မြန်မာ့အလင်း သတင်းစာတိုက်တွင် ပေးအပ်လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူ ခဲ့ကြောင်း သိရသည်။

**အေးသန်း (စိန်တုံးကြီး)**

## ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပ သည့် အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသူများစာရင်းကို ယနေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ထုတ်ပြန်ထားသည်။

အဆိုပါဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ**

ပထမ - မောင်ဖွဲ့ဝေယံထက်၊ ကျွန်းပြားရွာ၊ မင်းဘူး (စကု) မြို့နယ်

ဒုတိယ - မောင်ဟန်သာထွန်း၊ မြို့ဟောင်းရပ်၊ မကွေးမြို့

တတိယ - ဦးသိန်းထိုက်ဇော်နှင့်အဖွဲ့၊ ဒ - ၃၀၉၄၁၊ မိုးဝေ(၁၂) လမ်းထောင့်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

**ဗီဒီယိုပြိုင်ပွဲ**

ပထမ - ဒေါ်ဆုမြလှိုင်၊ ဝန်ထမ်းအိမ်ရာ၊ မြန်မာ့အသံနှင့်ရုပ်မြင် သံကြား၊ ရန်ကုန်မြို့

ဒုတိယ - ဒေါ်နွယ်သဇင်ဖြိုး၊ အမှတ် (၂) တပ်မတော်၊ ရုပ်မြင် သံကြားထုတ်လွှင့်ရေးတပ်၊ တောင်ညိုမြို့၊ ဥတ္တရသီရိ မြို့နယ်၊ နေပြည်တော်

တတိယ - ဦးလင်းထက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်

**စာစီစာကုံးပြိုင်ပွဲ (အသက် ၁၈ နှစ်နှင့်အောက်)**

ပထမ - မစုစုစံ၊ တိုက်(၇၄)၊ အခန်း(၁၄)၊ ခရေအိမ်ရာ၊ ဇမ္ဗူသီရိ မြို့နယ်၊ နေပြည်တော်

ဒုတိယ - မငြိမ်းအေးသူ၊ အမှတ် (က/၃၉၀)၊ ကမ်းနားလမ်း၊ ဇိုင်း/တောင်၊ ပဲခူးမြို့

တတိယ - မချိုသံလွင်ကို၊ တိုက်(၇၁၀)၊ အခန်း (၁)၊ ပိတောက် အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

**စာစီစာကုံးပြိုင်ပွဲ (အသက် ၁၈ နှစ်နှင့်အထက်)**

ပထမ - ဗိုလ်ကြီး နန်းမေပွင့်ဖူး၊ အမှတ် (၁) တပ်မတော်ရုပ်မြင် သံကြားထုတ်လွှင့်ရေးတပ်၊ မြဝတီရုပ်မြင်သံကြား (မော်ဘီ)

ဒုတိယ - ဒေါ်သီရိအိန္ဒြာဗိုလ်၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူး တိုင်းဒေသကြီး

တတိယ - မအေးမြတ်သိင်္ဂီ၊ အမှတ် (၈၀)၊ ရေတာရှည် ကျေးရွာ၊ ဝါးနက်ချောင်းစံပြကျေးရွာအုပ်စု၊ မော်ဘီ မြို့နယ်

**သတင်းစဉ်**

## ကျိုက်ထိုမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၈ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

ကျိုက်ထိုမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီးတွင် ပဲခူးမှ မြဝတီဘက်သို့ ရဲမင်းအောင် မောင်းနှင်လာသည့် CHENG LONG TIPPER ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ် ဆေးပြား ၈ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက် အရ အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ အမှတ်(၂)ရွာမရပ်ကွက် မြို့စိုးလမ်းရှိ ကျော်ဆွေ ပိုင်ဆိုင်သည့် မင်္ဂလာခန်းမ(၁)ကို ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၈ ဒသမ ၇ သိန်း၊ TOYOTA COROLLA AXIO မော်တော်ယာဉ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန် သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## MNL ပြိုင်ပွဲတွင် GFA နှင့် ရေဝတီ သရေကျပြီး မြဝတီအသင်း နိုင်ပွဲပြန်ရ

**ရန်ကုန် နိုဝင်ဘာ ၂**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ဒုတိယနေ့ကို နိုဝင်ဘာ ၂ ရက်က ဆက်လက်ကျင်းပရာ



ရေဝတီနှင့် GFA အသင်း ယှဉ်ပြိုင်စဉ်။

မြဝတီအသင်း နိုင်ပွဲပြန်ရပြီး GFA နှင့် ရေဝတီအသင်း သရေကျ ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ပွဲတွင် GFA အသင်းနှင့် ရေဝတီ အသင်း တစ်ဂိုးစီသရေကျခဲ့ သည်။ ရေဝတီအသင်းသည် ပွဲစ ကတည်းက တိုက်စစ်ဖွင့်ကစား ခဲ့ပြီး GFA အသင်းက ခံစစ်အမှား မရှိစေရန် ကစားကာ တန်ပြန် တိုက်စစ်ဖြင့် ကစားခဲ့သည်။ ပွဲအစ ခုနစ်မိနစ်မှာပင် ရေဝတီအသင်း ဂိုးစတင်ရရှိခဲ့ပြီး ပီတာအောင်ဝေ ထူးက သွင်းယူခဲ့သည်။ ဒုတိယ ပိုင်း ၅၈ မိနစ်တွင် GFA အသင်း ချေပဂိုးပြန်ရခဲ့ပြီး ပြစ်ဒဏ်ဘောမှ ပြန်လျှံထွက်လာသော ဘောလုံး ကို သန်းတိုးအောင်က ပိတ်သွင်း ယူခဲ့သည်။ ယခုပွဲအပြီးတွင် ရေဝတီအသင်းက ၁၉ မှတ်၊ GFA အသင်းက ၁၂ မှတ် ရရှိထား သည်။

YUSC ကွင်း၌ကျင်းပသည့် ပွဲတွင် မြဝတီအသင်းက ကချင် ယူနိုက်တက်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြဝတီ အသင်းသည် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ၈၁ မိနစ် တွင် မြဝတီအသင်း အနိုင်ဂိုးရခဲ့ပြီး ဟိန်းဇေယျာမင်းက အဝေး ကန်ချက်ဖြင့် သွင်းယူခဲ့ခြင်း ဖြစ်သည်။ ယခုပွဲအပြီးတွင် မြဝတီ အသင်းက ၂၂ မှတ်၊ ကချင်ယူနိုက် တက်အသင်းက ၁၀ မှတ် ရရှိထား သည်။

ပွဲစဉ် (၁၉) တတိယနေ့အဖြစ် နိုဝင်ဘာ ၃ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက် အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ် သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MNL**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/16783, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်) ၁၄၆၄၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၆-၁၂-၂၀၂၂ရက်စွဲဖြင့် ဦးမင်းမင်းသိမ်း(ဘ)ဦးကိုကိုလေး ၁၂/ကမရ(နိုင်) ၀၃၂၁၆၀မှ ဒေါ်ချယ်ရီအေး(ဘ)ဦးကျော်အေး ၇/တငန(နိုင်)၀၉၄၀၂၇ သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၄၅၄ အား ၃၁-၁၀-၂၀၂၃ရက်တွင် အပြီးအပိုင်ရုပ်သိမ်းကြောင်း အသိပေး ကြေညာလိုက်ပါသည်။

**ဦးမင်းမင်းသိမ်း**
**အမှတ်(၉) ၊ ဗိုလ်မင်းရောင်လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရွှေဘိုခရိုင် တရားရုံးတော်၌
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

မြန်မာနိုင်ငံသားများဘဏ်လီမိတက် **နှင့်** ၁။ ဦးကျော်ရွှေ
(၎င်းအတွက် ဒေါ်ရီရီသင်း၊ ၂။ ဦးကျော်သူ
ရွှေဘိုဘဏ်ခွဲတာဝန်ခံ)

**တရားလို** **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အုတ်ပုံကျေးရွာနေ (ဘ)ဦးငွေမောင်၏သားဖြစ်သူ (၁)တရားပြိုင် ဦးကျော်ရွှေနှင့် (ဘ)ဦးတင်အေး၏ သားဖြစ်သူ (၂)တရားပြိုင် ဦးကျော်သူ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာနိုင်ငံသားများဘဏ်လီမိတက်(၎င်းအတွက် ဒေါ်ရီရီသင်း၊ ရွှေဘိုဘဏ်ခွဲတာဝန်ခံ)က ဘဏ်ချေးငွေအရင်းနှင့်အတိုးစုစုပေါင်း ငွေကျပ် ၄၀၇၄၄၂၅၄ ရလိုမှု လျှောက်ထားတရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေနေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက် (၁၃၈၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှု လိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများ၊ သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သူအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရွှေဘိုခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၈

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် **နှင့်** ၁။ ဦးမင်းသူ
(ဇမ္ဗူသီရိဘဏ်ခွဲ) ၂။ ဒေါ်ခင်ကြည်ဝင်း
(၎င်း၏ကိုယ်စား လက်ထောက်မန်နေဂျာ
ဒေါ်ဖြိုးအိမွန်)

**တရားလို** **တရားပြိုင်များ**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ မြသီတာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ ဦးပိုင်မြေကွက်အမှတ် (ဓ-၂၃၆၃)ရပ်နေ (၁) တရားပြိုင် ဦးမင်းသူ (ဘ)ဦးလှအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်ရာချေးငွေ (HOME LOAN) ချေးငွေအရင်း၊ အတိုးနှင့် ရက်လွန်ကြေးငွေ (၁၁၃,၁၂၃,၇၄၉.၇၁)အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းနိုင်)**
**ခရိုင်တရားသူကြီး**
**ပျဉ်းမနားခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/99184, Honda Click -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဗိုလ် ၉/ပသက(နိုင်) ၀၂၈၄၇၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ် (၆၃)၊ ဦးပိုင်အမှတ် (၁၀၆ᶜ)၊ မြေချိန်ဧရိယာ (၀.၀၃၈)ဧက ရှိ မြေသည် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မှတ်ပုံတင်စာရင်း (၁-က)တွင် ဒေါ်အေးအေးမွန် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်အေးအေးမွန်သည် ၂၈-၆-၂၀၂၃ရက်တွင် မော်လမြိုင်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အိမ်နှင့် မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-၂၈၇/၂၀၂၃ အရ ဒေါ်ချယ်ရီဝင်းထံသို့ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်ချယ်ရီဝင်းသည် အထက်ဖော်ပြပါအိမ်နှင့် မြေကွက်အား ၎င်း၏အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## စာပေမြင့်မှ လူမျိုးတင့်မည်

## သွေးသည် အသက်




## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ ရပ်ကွက်၊ အကွက်အမှတ် (၁၆၅)၊ ဦးပိုင်အမှတ်(၁၂)/၂၄လမ်း၊ ၈၀x၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးစိန်ဝင်း၊ ဦးစိန်လင်း၊ ဒေါ်ရီရီမြင့်၊ ဒေါ်ရင်ရင်မေ၊ ဦးစိန်မင်းတို့ ငါးဦးအနက် ဦးစိန်လင်းပါ လေးဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၃၁၆၀/၂၀၂၂)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဦးစိန်ဝင်း ၉/မရမ(နိုင်)၀၃၇၀၉၃ က အမှုတွဲအမှတ် ၀၅၈၅/ဘ(ပယ်ဖျက်)/၂၀၂၃-၂၀၂၄ဖြင့် ဘိုးဘ/ပယ်ဖျက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ-၁)၊ ဦးပိုင်အမှတ်(၃)/ ၅၉လမ်းနှင့် ဘုရင့်နောင်လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးထွန်းသစ်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၆၉၅/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်နှင်းရီ ၁၃/သပန(နိုင်)၀၃၇၂၃၃က အမှုတွဲအမှတ် ၅၂၂၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



သံတွဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို နိုဝင်ဘာ ၁ ရက်က ခြံပြင်ကျေးရွာအုပ်စုအတွင်း စတင်ဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ သန့်ဇင် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၅၃ | ၁၅၆၃၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၅၀ | ၈၂၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၀၅၀ | ၂၀၅၀ | ၅၀၇ | ၁၀၃၉၃၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၁ | ၅၃၉၀၀ |
| MAEPC | ၁၈၀၀ | ၁၇၅၀ | ၅၀၂ | ၈၇၈၆၀၀ |

ညီညီ - စုစည်းသည်

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၂ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၄၀ ကျပ် | ၂၂၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၅၅ ကျပ် | ၂၄၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၈၀ ကျပ် | ၂၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၀ ကျပ် | ၂၂၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
စာတည်း
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံ - တင်စိုး
သတင်းထောက်
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ၂၃၀ ကေဗွီဓာတ်အားလိုင်းအား မြေအောက်ကေဘယ်ကြိုးမြှုပ်နိုင်ရေးအတွက် လိုအပ်သည့် မြေအောက်ကေဘယ်ကြိုး၊ ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းနှင့် မြေအောက်ဓာတ်အားလိုင်းကြိုးချိတ်ဆက်ခြင်းလုပ်ငန်းအား တင်ဒါအမှတ်၊ 41(T)/DPTSC (PSD)/23-24 (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁၅-၁၁-၂၀၂၃)ရက် (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း
## School of Industrial Training and Education (SITE)
## သင်တန်းသားသစ်များခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)တွင် ကာလတိုသင်တန်းများဖြစ်သည့် အောက်ဖော်ပြပါသင်တန်းများအား ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ပါသည်–

၁။ ဖွင့်လှစ်သင်ကြားမည့်သင်တန်းများ
- (က) Certificate in Woodworking Technology
- (ခ) Certificate in Basic Industrial Technologies
- (ဂ) Advanced Certificate in Industrial Automation

၂။ လျှောက်ထားသူများသည် အောက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ပါသည်–

အမှတ်စဉ်(က)သင်တန်းအတွက် လျှောက်ထားသူသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူများ၊ ITC သင်တန်းအောင်မြင်ပြီးသူများ၊ G.T.H.S(BT၊ MT) နှင့် A.G.T.I(Civil)သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ခ)သင်တန်းအတွက် လျှောက်ထားသူသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူများ၊ ITC သင်တန်းအောင်မြင်ပြီးသူများ၊ G.T.H.S (EcT၊ ET၊ IT၊ MT၊ AMT) နှင့် A.G.T.I (EC၊ EP၊ Mech၊ IE) သင်တန်းတက်ရောက် အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ဂ)သင်တန်းအတွက် လျှောက်ထားသူသည် စက်မှုနည်းပညာလေ့ကျင့်သင်ကြား ရေးသင်တန်းကျောင်း(SITE)မှ ဖွင့်လှစ်ခဲ့သော Certificate in Basic Industrial Technologies သင်တန်းအောင်မြင်ပြီးသူများ၊ A.G.T.I (EC၊ EP၊ Mech၊ IE )သင်တန်း တက်ရောက်အောင်မြင် ပြီးသူများနှင့် B.Tech / B.E (EC၊ EP၊ Mech၊ MC)ဘွဲ့ရပြီးသူများ လျှောက်ထားနိုင်သည်။

၃။ သင်တန်းအားလုံးအတွက် လျှောက်ထားသူများသည် နည်းပညာနှင့်သက်မွေးလုပ်ငန်း သဘောနှင့် လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ ပဏာမရွေးချယ်ခံရပြီးသူများ Interview ဖြေဆိုရမည်ဖြစ်သည်။ သင်တန်းကာလ(၄)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံး ကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ဓါတ်ပုံ (၃)ပုံ၊ သက်ဆိုင်ရာ အောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား မိတ္တူ၊ ကျန်းမာကြောင်းထောက်ခံချက်မူရင်းနှင့် ရဲစခန်းထောက်ခံစာ မူရင်းတို့အား ပူးတွဲလျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားသည့်အချိန်တွင် သက်ဆိုင်ရာ အောင်လက်မှတ် မူရင်း၊ အမှတ်စာရင်းမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့အား တစ်ပါတည်း တင်ပြနိုင်ရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိပါက (၁)လအတွင်း ပြုလုပ်ထားသော ရပ်ကွက်၊ ရဲစခန်း ထောက်ခံစာနှင့်အတူ ပူးတွဲလျှောက်ထားနိုင်ပါသည်။

၅။ **သင်တန်းဖွင့်လှစ်မည့်ရက်** – ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်
**သင်တန်းဖွင့်လှစ်မည့်နေရာ**– စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း(SITE)
အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊
ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။
**ဆက်သွယ်စုံစမ်းရန်ဖုန်း** – ၀၉-၂၆၈၂၃၇၅၅၂

၆။ လျှောက်လွှာများကို (၃ – ၁၁ – ၂၀၂၃ )ရက်နေ့မှ ( ၁ – ၁၂ – ၂၀၂၃ )ရက်နေ့အထိ ရုံးဖွင့်ရက်များတွင် နံနက်(၉:၀၀)နာရီမှ ညနေ(၄:၀၀)နာရီအတွင်း ရယူလျှောက်ထားနိုင်ပြီး (၁-၁၂-၂၀၂၃) ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

**စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း (SITE)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ ပူတာအို၊ လွိုင်ကော်၊ ဟားခါး၊ မော်လမြိုင်၊ သံတွဲ၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်)နှင့် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (Japan–Myanmar Aung San Vocational Training Institute) စုစုပေါင်းကျောင်း (၃၀)တို့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည် ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်–
- (က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာတွဲများ ပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။
- (ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်း ရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်–
- (က) မြို့ပြအင်ဂျင်နီယာ(အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၈)၊ ပြင်ဦးလွင်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (ခ) အီလက်ထရောနစ်အင်ဂျင်နီယာ(အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၁)၊ ပူတာအို၊ သံတွဲ၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ တောင်ငူ၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ (အပိုဒ်(၁)ပါကျောင်းပေါင်း(၂၉)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)
- (ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၉)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေး ပညာသင်တန်းကျောင်း မပါဝင်ပါ)
- (င) သုတနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်))
- (စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ (အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်))
- (ဆ) စက်မှုလယ်ယာနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်))
- (ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း))
- (ဈ) စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ (ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင် တန်းကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ် ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် B.Eသင်တန်းများ သို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁-၁၁-၂၀၂၃ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၃ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်–
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
- (ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။
- (ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း (မူရင်း)။
- (ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား (မိတ္တူ)။
- (င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။
- (စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၁၁၀)ရှိ မြေကွက်အမှတ် (ပ-၂၂၅၂၄)ကို အမည်ပေါက် ဒေါ်ငွေငွေမြင့် (ဘ) ဦးလှတင် ၁၂/သကတ(နိုင်)၀၉၉၇၅၇၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်သွင်(ဘ)ဦးစောဖေ ၉/တသန(နိုင်)၀၄၂၂၇၀မှ ဒေါ်မေမိဝင်းထွန်း (ဘ)ဦးစိုးမြင့် ၁၄/ဟသတ(နိုင်)၂၆၇၁၉၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၈၄/၂၀၁၉ (၉-၁-၂၀၁၉)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ ဦးအောင်ရင် ၉/ပမန(နိုင်)၀၀၄၄၀၉ (ဘ) ဦးလှဖေ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပ-၃၃၆၄၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ဖြူ ၉/ပမန(နိုင်)၀၀၃၈၇၀ (ဘ) ဦးရေးမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဦးအောင်ရင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ် ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

မိုးမောက်မြို့၊ အထက (မိုးမောက်)ကျောင်း Grade–11 မှ မခိုင်ခင်ဝင်း၏ မိဘအမည်မှန်မှာ ဦးလောဆီနှင့် ဒေါ်မီးလန့်တို့ ဖြစ်ပါကြောင်း။

**ဦးလောဆီနှင့် ဒေါ်မီးလန့်**
**ကျောက်စခန်းကျေးရွာ**
**မိုးမောက်မြို့**

## အမည်ပြောင်း

ဘိုကလေးမြို့၊ အထက(၁) Grade–11(1–A)မှ မအိသော်တာစိုး (ဘ) ဦးစိုးထွန်းအား မအိမ့်ရတီအောင် ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မအိမ့်ရတီအောင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အာကာလင်းမောင်၏ Uniteam Training ၌ 20 Mar 2023 မှ 03 Apr 2023 တွင်တက်ရောက်ခဲ့သော Basic Safety Training Course Certificate လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၂၆၇၉၆၆၁၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ဃ/၅၂၁၄၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမြင့် ၁၀/သထန(နိုင်) ၀၁၀၇၃၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/89574, ZONG SHBN–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းထက် ၉/စကန(နိုင်) ၂၆၂၇၈၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/5663 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းအောင် ၇/ပခန(နိုင်) ၁၈၁၄၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/84012 ယာဉ်လက်ဝယ်ရှိသူ ဦးရမ်းကူမာရ် ၇/ကတခ(ပြု)၀၀၂၃၀၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/04041, HONDA DREAM 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၂/တကန(နိုင်)၀၄၃၉၄၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နိုင်ငံခြားရေးဝန်ကြီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)ရာထူး(၂၀)နေရာအတွက် လျှောက်ထားနိုင်ပါသည်။ (လျှောက်လွှာ ပုံစံကို နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် Facebook Page တို့တွင် ရယူနိုင်ပါသည်။)

၂။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့် စာရွက်စာတမ်းများ ပူးတွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်သို့ ကြော်ငြာသည့်နေ့မှစ၍ ၃၀-၁၁-၂၀၂၃ ရက်(ကြာသပတေးနေ့) နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ ရုံးချိန်အတွင်း လာရောက်လျှောက် လွှာတင်သွင်းနိုင်သည်။ Online မှ လျှောက်ထားလိုပါက https://forms. gle/cSqZdmiWFxNfygvK6 တွင် ဖြည့်သွင်း၍ လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဝိဇ္ဇာဘွဲ့/ သိပ္ပံဘွဲ့(အထူးပြုဘာသာရပ်များ)/ ဥပဒေဘွဲ့/ နိုင်ငံခြားဘာသာဘွဲ့များ/ စီးပွားရေးဘွဲ့များ/ ကွန်ပျူတာ ဘွဲ့များ

(ဂ) ရိုးရိုးဘွဲ့ရဖြစ်ပါက ၃၀-၁၁-၂၀၂၃ ရက်တွင် အသက်(၂၇) နှစ်ထက်မကျော်လွန်စေရ။

(ဃ) နိုင်ငံ့ဝန်ထမ်း(အမြဲတမ်းခန့်ဝန်ထမ်း) (သို့မဟုတ်) မဟာဘွဲ့ရရှိပြီးဖြစ်ပါက ၃၀-၁၁-၂၀၂၃ ရက်တွင် အသက်(၃၂)နှစ် ထက်မကျော်လွန်စေရ။

(င) အနည်းဆုံး(၁)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ကတိခံဝန်ချက်ရေးထိုးရမည်။

(စ) (၆)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာမိတ္တူ၊ အခြားတတ်ကျွမ်းသောဘာသာရပ်(ဘာသာစကား/ကွန်ပျူတာ) အောင် လက်မှတ်များ (ရှိလျှင်) ။

(ဆ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးကြောင်းမှတ်တမ်း (မူရင်း၊ မိတ္တူ)။

(ဇ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပါတီနိုင်ငံရေး ကင်းရှင်းကြောင်း ကျေးရွာ/ ရပ်ကွက်ထောက်ခံစာနှင့် ပြစ်မှုကင်းရှင်းကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ(မူရင်း၊ မိတ္တူ)။

(ဈ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း၊ မိတ္တူ)။

(ည) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း၊ မိတ္တူ)။

(ဋ) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ။

(ဌ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထား ခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူ များ လျှောက်ထားခွင့်မရှိပါ။

၄။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ စုစုပေါင်း(၃)နာရီ မေးခွန်းဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ စိတ် အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲဖြေဆိုမည့် ရက်နှင့် ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန website နှင့် Facebook Page တို့တွင် အသိပေးဖော်ပြသွားမည် ဖြစ်ပါသည်။

၅။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၃၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်17W/42581 ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ဃ/၉၀၂၉၉, Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၆/ကစန (နိုင်) ၀၀၅၃၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/1693, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၆/မအရ(နိုင်)၀၉၅၉၀၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ တပ်ကုန်းလမ်း၊ အိမ်အမှတ် (၁၆၀)နေ (ဦးငွေအုန်း)-ဒေါ်မာဂရက်ဝင်း ၆/ကသန (နိုင်)၀၂၃၂၁၂တို့၏သား မောင်ကျော်မိုးနိုင် ၆/ကသန(နိုင်)၀၄၀၈၆၀ သည်မိခင်ဖြစ်သူအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အပြင် ပြောဆိုဆုံးမမရပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**ဒေါ်မာဂရက်ဝင်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် 11/0.4 KV, 100 KVA Transformer (၁)လုံးနှင့် ဆက်စပ်ဓာတ်အားလိုင်းများ တည်ဆောက်နိုင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ခေါ်ယူအပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၃၁-၁၀-၂၀၂၃ရက် (အင်္ဂါနေ့) |
| တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက်အချိန် | - ၃၀-၁၁-၂၀၂၃ရက် (ကြာသပတေးနေ့)ညနေ ၄နာရီ |

တင်ဒါစည်းမျဉ်းစည်းကမ်းများ တင်ဒါခေါ်ယူသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့်အချက် အလက်များကို သိရှိလိုပါက မြို့နယ်ကုသရေးဦးစီးဌာန ဖုန်း-၀၉-၄၂၅၇၂၂၁၉၁၊ ၀၅၉၄၇၆၂၀၆သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ကျောက်တော်မြို့နယ်၊ ရွှေပြည်သစ်ကျေးရွာ၊ ဦးမောင်စံလှ၏သား မောင်ကျော်မြင့်ထွန်း ၁၁/ကတန(နိုင်)၀၉၅၉၂၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၇-၁၉၉၁ ဖြစ်ပါကြောင်း။

**ကျော်မြင့်ထွန်း**

## မွေးသက္ကရာဇ်အမှန်

ကျောက်တော်မြို့၊ ပိုက်သည်ရပ်ကွက်၊ ဦးမောင်အေးစော၏သား မောင်ကျော်နိုင်ဦး ၁၁/ကတန(နိုင်)၁၀၃၆၉၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၃-၁၉၉၃ ဖြစ်ပါကြောင်း။

**ကျော်နိုင်ဦး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက(ကုန်းဇောင်း)၊ Grade-10(C)မှ မောင်အေးချမ်းဖြိုး၏ ဖခင် ဦးငြိမ်းချမ်းလှိုင်၏ အမည်မှန်မှာ ဦးညီမ်းချမ်းလှိုင် ၈/ပဖန(နိုင်) ၀၇၉၆၈၈ ဖြစ်ပါကြောင်း။

**ဦးညီမ်းချမ်းလှိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့၊ ရပ်ကွက် (၁)မှ စောဘွယ်မူးနှင့် စောဘွယ်မှူး ၃/သတန(နိုင်)၀၁၇၈၀၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၂-၃-၁၉၇၁ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်73W/64078 ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော် Grand Style Co.,Ltd. မှ တည်ဆောက် ထားသော စွယ်တော်စီးတီးရိပ်သာ(၁)၊ မြေကွက်အမှတ်(၂၀၁မှ ၂၆၅ အထိ)၊ တိုက်အမှတ် (B)၊ RC (၈)ထပ်တိုက် (Lift-ပါ)၊ အခန်းအမှတ် (၁၁၃)မြေညီထပ် စတုရန်းပေ (၁၂၀၀)အကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော Grand Style Co.,Ltd. ၏ ကိုယ်စား ဥက္ကဋ္ဌ ဦးနေလင်းဦး ၁၂/ကမရ(နိုင်)၀၂၈၀၆၃မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးကောင်းမြတ်စိုး (၁၁/တကန(နိုင်)၀၆၆၄၇၉)၊ ဒေါ်သီရိမောင်မောင် (၆/မမန(နိုင်)၁၄၇၀၆၃)တို့ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ပန်းမွှေး |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၁၆၃၉၇/၂၀၁၉) |

တိုက် (၄)၊ အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈) မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၅)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၆ᶜ)၊ ၄ က်ပျောတောရွာကွင်း၊ ဦးပိုင်အမှတ်(၉၅ᵂ)၊ မြေကွက်အမှတ်(၇၅၈)၊ ဧရိယာ(၀ဒသမ၀၉)ကေအား ညောင်လေးပင်မြို့၊ မြို့မ(၅)ရပ်ကွက်နေ ဦးဇော်မင်းအောင်မှ အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့်ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ ရပ်(၁၀) ဓာတ်ရုံရပ်၊ ဦးပိုင်အမှတ်(၁၇)၊ မြေကွက်အမှတ်(၁၂၇)၊ ဧရိယာ(၀ဒသမ၀၇၄၄)ကေအား ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်နေ ဦးညာဏ်လင်းဦးပါ(၃)ဦးမှ အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန်လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့်ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## ဘိုးဘပိုင် / မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၇)ရပ်ကွက်၊ အကွက်အမှတ် (၅)၊ မြောက်ကွေ့ဈေး၊ဦးပိုင်အမှတ် (၁၂၅/က)၊ ဧရိယာ (၀.၂၃၈) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | မယ်သီလရင်လမ်း၊ |
| (ခ) | အနောက်လားသော် | - | ဦးပိုင် (၁၂၅/ခ)၊ |
| (ဂ) | တောင်လားသော် | - | ဗိုလ်မှူးဖိုးကွန်းလမ်း၊ |
| (ဃ) | မြောက်လားသော် | - | ဦးပိုင် (၁၂၅/ဃ) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန်မှ (မြန်မာ့စီးပွားရေးဘဏ်)မှ လျှောက်ထားလာသည့် အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၆ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**တောင်ငူမြို့**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ညောင်လေးပင်မြို့နယ်၊ ရှမ်းရွာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၀)၊ ညောင်လေးပင်အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၁/၃၆)၊ မြေကွက်အမှတ်(၁၄ᴬ)၊ ဧရိယာ(၀ဒသမ၂၅)ကေအား ကြည့်မြင်တိုင်မြို့နယ် နေ ဦးစိုးလွင်ပါ(၂)ဦးမှ မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့်ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဉာဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁-က/ဥတ္တရသီရိတောင်ရပ်၊ မြေကွက်အမှတ်(ဥ-၈၈)၊ မြေဧရိယာ (၃.၆၇၃)ဧကရှိ ACE ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီအမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ACE ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီမှ နှစ် ၃၀ မြေငှားစာချုပ်မူရင်း ပေ (၁၀၀x၁၀၀)မြေကွက် (၁၆)ကွက်ဖြင့် ရေးဆွဲထားသည့် Plot Plan အား အတည်ပြုချက်တင်ပြ၍ မြေငှားစာချုပ်ထုတ်ပေးထားရှိသော မြေဧရိယာ (၃.၆၇၃)ဧကကို ပေ (၁၀၀x၁၀၀)မြေကွက် (၁၆)ကွက်ဖြင့် ခွဲစိတ်ပြီး မြေကွက် (၁)ကွက်ချင်းစီ မြေငှားစာချုပ်များထုတ်ပေးပါရန် လျှောက် ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်များခွဲစိတ်ခွင့် လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်းကျေးရွာ အုပ်စု၊ ရေတွင်းကုန်းကြီးကျေးရွာ၊ ဇဝနလမ်း၊ အမှတ်(၃၀) ၉/၁၉-၇/၃၃ရှိ မြေ၊ အိမ်နှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပြီး၊ တရားဝင်ပိုင်ဆိုင်ကာ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သူသူဝင်း ၁၀/သထန(နိုင်) ၁၂၁၉၈၇ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါအိမ်မြေနှင့်ပတ်သက်ပြီး ပိုင် ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများ၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့် သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီး ဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်သူလင်း** | **ဒေါ်သီတာနေဝင်း(ဥပဒေဘွဲ့)** |
| **၅/ကလထ(နိုင်)၁၁၇၂၄၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၉၉/၂၀၂၁)** |
| **ဒေါ်နော်ဘူးပွဲဖော်** | **အမှတ်(၁၇)တေဇလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံ** |
| **၇/ကဝန(နိုင်)၂၀၉၆၈၁** | **မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၁၁၁၈၈၄၈** |

## အများသိစေရန်ကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၊ နန်းဩကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၄၇)၊ နန်းဩမြောက်ကွင်း၊ ဦးပိုင်အမှတ် (၂၆/၂)၊ မြေဧရိယာ (၆.၄၅)ကေအား လျှပ်စစ်ဓာတ်အားခွဲရုံဆောက်လုပ်ရာတွင် ခွဲရုံအဆောက်အအုံအဖြစ် အသုံးပြုသော (Glass Reinforced Concrete (GRC)(မြေအုတ်အစားထိုး) ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်ရန်နှင့် ဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံများဆောက်လုပ်ရန်အတွက် လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် လယ-၃၀(ခ)ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါ၍ စက်မှု/စီးပွားမြေငှားဂရန်ခွင့်ပြုချထားပေးနိုင်ပါရန် ဦးလမင်းဝင်း ၂/လကန(နိုင်) ၀၅၄၆၈၁မှ လျှောက်ထားလာမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပုဗ္ဗသီရိမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း နှင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်လာမှုမရှိပါက မြေယာစီမံခန့်ခွဲရေး၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပုဗ္ဗသီရိမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၉)၊ မင်းစုလမ်း၊ မြေကွက်အမှတ် ၂၄၆၊ ဧရိယာအကျယ်အဝန်း (၂၄၀၀)စတုရန်းပေ အကျယ်အဝန်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းထိုက်စိုး ၁၄/နေဖ(နိုင်)၀၀၄၂၂၇ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြ သည့် ဒေါ်ဖြိုးမီမီသင်း ၁၂/မဂဒ(နိုင်) ၁၃၀၁၄၈နှင့်၎င်း၏ခင်ပွန်း ဦးကောင်းမြတ် ၁၂/ကခက(နိုင်) ၀၇၁၂၅၀တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့် အိမ်အ ရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးမီမီသင်းနှင့်ဦးကောင်းမြတ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၇)၊ စံပါယ်မြိုင်လမ်း၊ မြေကွက်အမှတ် ၁၄၈/ခ၊ ဧရိယာအကျယ် အဝန်း (၁၃၂၀)စတုရန်းပေ၊ (၀ဒသမ၀၃၀)ကေအကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသော အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင် ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနိုင်ဦး ၁၂/ဥကတ(နိုင်) ၁၁၆၆၉၂ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးအောင်မြင့်ဦး ၁၂/ဒပန(နိုင်) ၀၃၆၀၈၅နှင့်၎င်း၏ ဇနီး ဒေါ်လှဲ့လှဲ့ဝင်း ၁၂/လသယ(နိုင်) ၀၅၁၃၁၄တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့် အိမ်အ ရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မြင့်ဦးနှင့်ဒေါ်လှဲ့လှဲ့ဝင်းတို့၏ လွှဲအပ် ညွှန်ကြားချက်အရ- ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်တွေတက္ကသိုလ်
## (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ စစ်တွေတက္ကသိုလ်(နေ့သင်တန်း)နှင့် (အဝေးသင် သင်တန်း)တို့က ကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ (ဘွဲ့)စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ကြသူများအတွက် စစ်တွေတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ တတိယသီတင်းပတ်(သို့) စတုတ္ထသီတင်းပတ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ နေ့သင်တန်းအတွက် တက်ရောက်ဘွဲ့ (သို့) အဝေးရောက်ဘွဲ့ ယူရန် ဘွဲ့လျှောက်လွှာများကို ၁၁-၁၁-၂၀၂၃ ရက်နေ့မှ ၂၄-၁၁-၂၀၂၃ ရက်နေ့ထိလည်းကောင်း၊ အဝေးသင် သင်တန်းအတွက် တက်ရောက်ဘွဲ့(သို့)အဝေးရောက်ဘွဲ့ယူရန် ဘွဲ့လျှောက်လွှာများကို ၇-၁၁-၂၀၂၃ ရက်နေ့မှ ၂၄-၁၁-၂၀၂၃ ရက်နေ့ထိ(ပိတ်ရက်မရှိ) လျှောက်ထားနိုင်ပါသည်။

**စစ်တွေတက္ကသိုလ် (နေ့သင်တန်း)**

| | |
|---|---|
| ၂၀၂၁-၂၀၂၂ ပညာသင်နှစ် | - မဟာဥပဒေ(ဘွဲ့)၊ မဟာသိပ္ပံ(ဘွဲ့)၊ မဟာဝိဇ္ဇာ(ဘွဲ့) |
| (၂၀၂၂ ခုနှစ် မတ်လနှင့် ဩဂုတ်လ) | - ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)၊ သိပ္ပံ(ဂုဏ်ထူးဘွဲ့) |
| ၂၀၂၂-၂၀၂၃ ပညာသင်နှစ် (၂၀၂၂ ခုနှစ် ဩဂုတ်လနှင့် ၂၀၂၃ ခုနှစ် မတ်လ) | - ဥပဒေ(ဘွဲ့) |
| ၂၀၂၂-၂၀၂၃ ပညာသင်နှစ် | - မဟာဥပဒေ(ဘွဲ့)၊ မဟာသိပ္ပံ(ဘွဲ့)၊ မဟာဝိဇ္ဇာ(ဘွဲ့) |
| (၂၀၂၃ ခုနှစ် မတ်လနှင့် စက်တင်ဘာလ) | - ဝိဇ္ဇာ/ သိပ္ပံ(ဘွဲ့) |

**စစ်တွေတက္ကသိုလ်(အဝေးသင်သင်တန်း)**

| | |
|---|---|
| ၂၀၁၉ ပညာသင်နှစ် (၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလ) | - ဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/ သိပ္ပံ(ဘွဲ့) |
| ၂၀၂၀ ပညာသင်နှစ် (၂၀၂၂ ခုနှစ် ဧပြီလ၊ မေလနှင့် ဇွန်လ) | - ဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/ သိပ္ပံ(ဘွဲ့) |

ရွှေဘိုမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၁)(မင်းရပ်)၊ ဦးပိုင်အမှတ် (၉ᵃ)၊ ဧရိယာ ၀ ဒသမ ၀၂၅ ဧကရှိ မြေကို ရွှေဘိုခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏(၁၇–၇–၂၀၁၂)ရက်စွဲပါ မြေငှားဂရန်ဦးပိုင်ခွဲစိတ် အမိန့်(၆/၂၀၁၂–၁၃)အရ ဦးတင်ညွန့်ကရရှိထားပြီး မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ( –၇–၂၀၁၂)ရက်စွဲပါစာချုပ်အမှတ်(၁၆၂/၂၀၁၂)ဖြင့် ရွှေဘိုမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးစိုးမင်းဦးက အရောင်းအဝယ်စာချုပ်ချုပ်ဆိုထားရာ ၎င်းမှ အမည်ပြောင်းမြေငှားဂရန် ထပ်မံခွင့်ပြုချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ်(၁၂၈/ခ)၊ မြေအကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဦးနိုင်ဦး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ယခုလက်ရှိ ရောင်းချသူ ဒေါ်နန်းမွန်းဆာ(ဘ)ဦးစိုင်းလုံ ၁၃/လလန(နိုင်)၀၂၀၉၉၈ မှ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် မိမိတစ်ဦးတည်း ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားကြောင်း၊ ပိုင်ဆိုင်မှုအရှုပ် အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်မာသည့် ပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် ယနေ့ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မြင့်ထွန်း**
**(LL.B,D.B.L,WIPO(Switzerland) အထက်တန်းရှေ့နေ(စဉ်–၅၀၉၂၅)**
**ရုံး–အမှတ်(၈/၃၁၀)၊ နီလာ(၅)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၆၃၄၁၂၀၀၂ ၊ ၀၉–၄၀၈၉၃၅၂၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၆၀ ရပ်ကွက်၊ ရောဝဏ်(၂)လမ်း၊ မြေကွက်အမှတ်(၄၃)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ အကျယ်ရှိ မြေကွက်အား ဦးနေဝင်း ၁၂/သကတ(နိုင်)၀၀၃၅၆၁ အမည်ပေါက်ဖြင့် ဒေါ်ဝါဝါကြည် ၁၂/ပဘတ(နိုင်)၀၀၃၄၉၇ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာအောင် ၁၂/ဒဂတ(နိုင်)၀၉၆၀၂၈ မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဟေမာနှင်းအောင် (LL.B) W.I.P.O**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၉၆၈/၁၇)**
**အမှတ် (၂၆)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉–၄၂၁၀၀၉၀၀၃**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ICECကိုယ်ပိုင်အထက်တန်းကျောင်း Grade–10မှ မောင်သစ်လွင်ထူးအောင်၏ ဖခင်အမည်မှန်မှာ ဦးထူးလင်းခိုင် ၁၂/မရက(နိုင်)၁၀၅၄၁၀ ဖြစ်ပါကြောင်း။

**ဦးထူးလင်းခိုင်**

## တစ်ဦးတည်းဖြစ်ကြောင်း

သံတွဲမြို့၊ အထက(ခွဲ) မြို့မ Grade–8(A) မှ (ဘ) ဦးမြင့်မောင်မောင်၏သမီး မဆုမြတ်ပြည့်စုံ(ခ) မခင်သီတာမောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မဆုမြတ်ပြည့်စုံ(ခ)**
**မခင်သီတာမောင်**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့၊ မြို့မ(၁)၊ ကျောင်းတောင်ရပ်နေ (ဘ)ဦးအောင်ဖေ၏သမီး မပိုပိုထွေး ၅/မလန(နိုင်)၀၂၃၇၅၅ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ ၂၈–၅–၁၉၇၉ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/7138 Kyaw Kyar Light Truck, Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာကျော်သက် ၁၂/မဂဒ(နိုင်)၀၄၄၀၆၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1155 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/44394 Yunde–110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မေဇော် ၁၁/တကန(နိုင်)၀၉၈၃၈၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊**
**ပြည်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8240 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### ( တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ - ၂၂ )
### သဃ်န်းကျွန်းမြို့နယ်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆ နှင့် ဆက်နွှယ်သည့် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၄

| | | |
|---|---|---|
| BNK Capital Myanmar Co.,Ltd (ယင်းကိုယ်စား မန်နေဂျာ– ဒေါ်အေးအေးမာ ) | နှင့် | ၁။ ဒေါ်ကြည်လဲ့လဲ့ဦး<br>၂။ ဦးဇာနည်ငွေး<br>၃။ ဦးငြိမ်းချမ်းဝင်း<br>၄။ ဒေါ်သင်းသင်းခိုင် |
| **(တရားနိုင်)** | | **(တရားရှုံးများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း (၁)၊ ငမိုးရိပ်(၂)လမ်း၊ အမှတ်–၈၁၇/ခ နေ (၃)တရားရှုံး ဦးငြိမ်းချမ်းဝင်း (ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်( ၅ ) လမ်း၊ (၄)လွှာ၊ အမှတ်–၅၁၀ နေ (၄)တရားရှုံး ဒေါ်သင်းသင်းခိုင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် BNK Capital Myanmar Co.,Ltd (ယင်းကိုယ်စားမန်နေဂျာ–ဒေါ်အေးအေးမာ) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ဇွန်ပွင့်ဖြူအောင်)**

**ဒုတိယမြို့နယ်တရားသူကြီး**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့်–၅၊ နည်းဥပဒေ –၂၀)
### ဗိုလ်တထောင်ခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် –၅၇၁

| | | |
|---|---|---|
| ဒေါ်ကြူကြူသက် | နှင့် | ဦးမြင့်မောင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ (၃+၄) လွှာ၊ အမှတ်(၂၀၃)ရပ်နေ တရားပြိုင် ဦးမြင့်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ဝယ်ယူထားသည့်တိုက်ခန်းအား လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) တိုက်ခန်းဝယ်ယူထားသည့်တန်ဖိုးငွေကျပ်သိန်း ၁၅၀၀ နှင့် တိုက်ခန်းနှစ်ချုပ် ငှားရမ်းခ(၃)နှစ်စာ ငွေကျပ် ၁၁၄ သိန်း၊ စုစုပေါင်းငွေကျပ် ၁၆၄၄ သိန်းရလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၁ရပ်ကွက်၊ အကွက်အမှတ်အပိုင်း–၄၊ ဦးပိုင်အမှတ် ၁၉(ခဲစင်း)၊ ၃၇ x ၃၈ လမ်း၊ ၆၇ x ၆၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမော်ဝင်း ၉/မရမ(နိုင်)၀၄၉၂၄၃ က အမှုတွဲအမှတ် ၅၂၂၁/၂၀၂၃–၂၀၂၄ ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့နယ်မြေ(၃)၊ ရပ်ကွက် (၂) နေ ဦးအာဆေး (ခ)ဦးကျန်စစ် ၉/မကန(နိုင်)၀၅၆၀၃၂ နှင့် ဒေါ်လှလှထွေး ၉/မကန(နိုင်)၀၉၃၈၉၁ တို့၏သမီး မချောစုစံ ၁၃/တကန(နိုင်)၃၁၅၆၃၉ သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား ဆောင်ရွက်နေသည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ၎င်းပြုလုပ်ခဲ့သည့်ကိစ္စရပ်များသည်လည်း မိသားစုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းအား အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်တင်မမမောင် (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် (၄/၈၁)၊ ရေထွက်ဦးလမ်း၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့။**
**ဖုန်း–၀၉–၂၅၉၉၈၂၀၀၇**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)
## ဥတ္တရခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၇

ဒေါ်ညိုညိုလှ (ကြက်သားရောင်းဝယ်ရေး) (၎င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသောမတ်စ်မိုး(ခ) ဦးမြင့်အေး) **လျှောက်သူ**

ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ နယ်မြေ-၆၊ ဘုရင့်နောင်ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၄၁၆ ရပ်နေ အရွယ်မရောက်သေးသူနှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း ဥတ္တရခရိုင်၊ တပ်ကုန်းမြို့၊ နယ်မြေ -၆၊ ဘုရင့်နောင်ရပ်ကွက်၊ အနော်ရထာလမ်း၊အမှတ်၄၁၆ရပ်နေဒေါ်ညိုညိုလှ (ကြက်သားရောင်းဝယ်ရေး) (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသောမတ်စ်မိုး(ခ)ဦးမြင့်အေး)က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မသက်ထားရီ၊ မောင်ခန့်ရှင်းသန့်တို့၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းရန် အုပ်ထိန်းခွင့်လက်မှတ်လျှောက်ထားခြင်းဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်)တွင် ဆိုင်ဆိုရန်ချိန်းဆိုသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်လွင်)**
**ခရိုင်တရားသူကြီး**
**ဥတ္တရခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ လူနေရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်-၉၂၇(ခ)၊ ဇမ္ဗူအေးလမ်း၊ အကျယ်အဝန်း (၂၀x ၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧက၊ (၁၂၀၀) စတုရန်းပေရှိ ဦးလှမြင့် (ဘ)ဦးအေးမောင် (ISN-၄၀၄၈၁၃) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်တွင် နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ထံမှ အဆက်အစပ်အရောင်းအဝယ် ကတိစာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်အေး ၁၀/မလမ(နိုင်)၀၅၆၂၄၄ ထံမှ ကျွန်မ ဒေါ်ခင်အုန်းမြင့် ၈/ဂဂန(နိုင်)၀၄၄၆၈၅ က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်မ ဒေါ်ခင်အုန်းမြင့်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အိမ်နှင့်မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အုန်းမြင့် ၈/ဂဂန (နိုင်) ၀၄၄၆၈၅**
**အမှတ်(၈)၊ ဗိုလ်ချုပ်လမ်း၊ သဇင်(၅)ရပ်ကွက်၊ ကလေးမြို့။**
**ဖုန်း-၀၉-၅၁၉၆၇၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ၂၇/ရှမ်းရပ်၊ ဦးပိုင်အမှတ်(၁၁၀/က)ဟု ခေါ်တွင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ထံမှ အဆက်အစပ်အရောင်းအဝယ် ကတိစာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ယုရွှေ ၁၃/ပတယ(နိုင်)၀၀၂၁၈၇ ထံမှ ကျွန်မ ဒေါ်ဇင်မာမျိုးအောင် ၁၂/သကတ(နိုင်)၂၂၄၉၄၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးထားပြီဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်မဒေါ်ဇင်မာမျိုးအောင်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာမျိုးအောင် ၁၂/သကတ (နိုင်) ၂၂၄၉၄၂**
**အမှတ် (၄၂)၊ မာန်ပြေ (၆) လမ်း (အရှေ့)၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၀၆၆၄၅၅၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် ၈၈-၇၊ ဦးပိုင်အမှတ်(၅၈)/ ၄၅ လမ်း x ၄၆ လမ်း၊ ၁၁၁လမ်းနှင့် ၁၁၂ လမ်းကြား၊ မြေကွက်အား ဂရန်အမှတ်အမှတ်(၁၄၀၄/၂၀၁၄-၂၀၁၅)အရ ဦးသန်းလွင် ၉/မနတ(နိုင်)၀၉၀၆၄၈၊ ဦးသိန်းဇော် ၉/မလန(နိုင်)၀၉၆၁၈၉ အမည်ပေါက်သို့ မြေရာဇဝင် ၁-ကမှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးသန်းလွင် ၉/မနတ(နိုင်)၀၉၀၆၄၈၊ ဦးသိန်းဇော် ၉/မလန(နိုင်)၀၉၆၁၈၉မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၉၊ ဦးပိုင်အမှတ်(၄၃)/၅၀ လမ်း x ၅၁ လမ်းကြား၊ ၁၀၈ လမ်းနှင့် ၁၀၉ လမ်းကြား မြေကွက်အား တောဂရန်အမှတ်အမှတ်(၅၂၁၆/၉၂-၉၃)အရ တပ်သား ငွားစားဒီး (MDYNW-၇၁၈၁၂၄) ၉/မနမ(နိုင်)၀၈၉၄၀၈ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးဇော်မိုး ၉/မကန(နိုင်)၀၄၃၆၈၃ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးမြင့်ဆွေ၏သား ကျွန်တော် မောင်လှမျိုးအောင် ၅/မမတ(နိုင်) ၀၉၃၅၁၅၏ ပတ်စ်ပို့နံပါတ် MC 578059 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၆၅၂၇၇**

## အမည်ပြောင်း

ဦးလင်းသူအောင် ၁၄/မအန(နိုင်) ၁၉၈၇၄၅ ၏သား လှိုင်သာယာ ကြယ်စင်ဟိုင်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 မှ မောင်စွမ်းဝဏ္ဏအောင်အား မောင်လင်းသန့်ဖြိုးဝေဟု ပြောင်းလဲခေါ်ပါရန်။

**မောင်လင်းသန့်ဖြိုးဝေ**

## ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့နယ်၊ အောင်းကုန်းရွာနေ ကိုဝေယံလွင် (ဘ)ဦးအေးလွင် ၉/လဝန(နိုင်)၁၈၅၉၄၅၅၏ နိုင်ငံကူးလက်မှတ်အမှတ် MG-846259 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၁၂၀၆၄၀၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်မျိုးထက် ၉/တကန(နိုင်)၁၄၈၇၈၃၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၄၇၉၂၈၂၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေတာရှည်မြို့နယ်၊ အလက (ဆင်ငွေရွာမ)မှ အလယ်တန်းကျောင်းအုပ် နော်ကြည်ဖွင်း ၇/တငန(နိုင်)၁၁၆၈၄၉ ၏ ဖခင်အမည် စောဖတ်ခိုမူးနှင့် စောပခိုမူးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**စောဖတ်ခိုမူး(ခ)စောပခိုမူး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/4564 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မြောက်ပိုင်းအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက် အမှတ် A(2)၊ မြေကွက်အမှတ်(A-2/၇)၊ ဧရိယာ ၀ ဒသမ ၂၇၅၅ ဧက နှစ်(၃၀) မြေငှားစာချုပ်၊ အမည်ပေါက် ဦးကျော်စိန်ဝင်း ၁၂/ရကန(နိုင်)၀၀၆၁၆၈ ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ၄၇၅/၂၀၂၃၊ ၁၄-၈-၂၀၂၃ ရက်အား တင်ပြ၍ ဦးကျော်ဖေယျာဝင်း ၉/မဟမ(နိုင်) ၀၀၇၄၄၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဤဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြင်ဦးလွင်ခရိုင်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄)
## (မော်လမြိုင်)
## Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄) မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေနှင့် ကရင်ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကရင်ပြည်နယ်အတွင်းရှိ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်း၊ 1 m Ø Bored Pile တူးစက်ငှားရမ်းခြင်း ၊ Soft Soil improvement လုပ်ငန်းအတွက် 0.6 m Ø Mini Bored Pile Drilling & Jet Grouting Work နှင့် သံချောင်း(ရှယ်စုံ) သယ်ယူပို့ဆောင်ခြင်းကို မြန်မာကျပ်ငွေဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူမည်ဖြစ်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့် ရက်/အချိန်** | - ၃-၁၁-၂၀၂၃ ရက်၊ (သောကြာနေ့) ရုံးချိန်အတွင်း |
| **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** | - ၁၅-၁၁-၂၀၂၃ ရက်၊ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂:၀၀ နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - ၁၆-၁၁-၂၀၂၃ ရက်၊ (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ကရင်ပြည်နယ် |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**တံတားအထူးအဖွဲ့ (၁၄)**
**ဖုန်း - ၀၉-၄၅၂၉၀၄၅၅၉**
**- ၀၉-၂၅၅၃၀၁၁၈၆**
**-၀၉-၄၄၉၀၀၀၈၀၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် တ-၂၊ ဦးပိုင်အမှတ်(၉၂) ခဲစင်းအရှေ့ဘက်ခြမ်း/ ၆၃ x ၆၄ကြား၊ သဇင်နှင့် ပိတောက်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသူရဇော်ဇော် ၁၂/မဂဒ(နိုင်)၁၁၃၁၅၅၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၇၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်မြင့် ၅/တမန(နိုင်)၀၄၀၇၂၈ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် ဆ-၅၊ ဦးပိုင်အမှတ်(၃၉)/၆၈ x ၆၉ ကြား၊ ၁၀၈ x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်လွင် ၉/ပဘန(နိုင်)၀၃၀၆၆၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၄၆၂/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေဇင်စိုး ၁/မညန(နိုင်)၁၅၆၇၁၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မင်းဘူးခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၀

ဦးမိုးမင်းထွဋ် **နှင့်** ဒေါ်မြင့်မြင့်ခင်
**(တရားလို)** **(တရားပြိုင်)**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ဇီးတောကျေးရွာနေ ဒေါ်မြင့်မြင့်ခင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက နိုင်ငံတော်သို့ပေးလျော်ရမည့် ပညာသင်လျော်ကြေးငွေ (၁၂၅၀၀၀၀၀)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းထိန်)**
**ခရိုင်တရားသူကြီး**
**မင်းဘူးခရိုင်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊
## အမှတ်(၂)တည်ဆောက်ရေး
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## (တင်ဒါအမှတ်-၇/၂၀၂၃-၂၀၂၄)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေးမှ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခန္တီးခရိုင်၊ လဟယ်မြို့၏ အနောက်တောင်ဘက် (၂)မိုင်ခန့်အကွာတွင် ဆောင်ရွက်လျက်ရှိသော ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျပ်သန်း(၂၀၀) အထက်တန်ဖိုးရှိ Station Concrete Pump (30~100m³/hr) ငှားရမ်းခြင်းလုပ်ငန်း (Lot-17)အား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) (၂)ရုံး၊ မန္တလေးမြို့တွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ကိုဗစ် - ၁၉ ရောဂါဆိုင်ရာအကာအကွယ် (Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်-

| | |
|---|---|
| **တင်ဒါလျှောက်လွှာပုံစံများ** | - ၃-၁၁-၂၀၂၃ ရက် |
| **စတင်ရောင်းချမည့်ရက်နှင့်အချိန်** | နံနက် ၉:၀၀ နာရီ |
| **တင်ဒါလျှောက်လွှာပုံစံများ** | - ၁၆-၁၁-၂၀၂၃ ရက် |
| **နောက်ဆုံးရောင်းချမည့်ရက်နှင့်အချိန်** | ၁၆:၀၀ နာရီ |
| **တင်ဒါအဆိုပြုလွှာများ** | - ၁၇-၁၁-၂၀၂၃ ရက် |
| **တင်သွင်းရမည့်ရက်နှင့်အချိန်** | ၁၆:၀၀ နာရီ |

**ဆက်သွယ်ရန်ဖုန်း** - ၀၉-၄၂၄၀၄၁၀၉၀၊ ၀၉-၄၀၂၆၂၇၁၁၂

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/၂-၆)၊ ဦးပိုင်အမှတ်(၈၁)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်သည် မူလက ဦးရဲညွှန့် အမည်ဖြင့် ခရိုင်အမှတ်အမှတ် ၃၂၁၄/V ၁၉၈၉-၁၉၉၀ အရ ၃၀-၆-၂၀၂၀ ရက်ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည် ပေါက်သူ ဦးရဲညွှန့်က ၁၃-၉-၂၀၂၃ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၂၀/၂၀၂၃) အရ ဦးဝေလင်းဖြိုး ၇/ကဝန(နိုင်)၁၂၈၂၁၇ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးဝေလင်းဖြိုးအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆိုယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူ မရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ် ခ-၃၊ ဦးပိုင်အမှတ်(၃၁)/၆၅လမ်း၊ မနော်ဟရီနှင့် စိန်ပန်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းကျော်မင်း ၁၃/ကတန(နိုင်)၁၀၉၉၆၄ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၇၂/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ဇော်ဌေး ၉/ကပတ(နိုင်)၂၃၁၆၁၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၉၊ ဦးပိုင်အမှတ်(၂၈)/ ၆၅ x ၆၇ ကြား၊ ၁၁၃ x ၁၁၄ ကြားရှိဦးအောင်သန်း အမည်ပေါက်တောဂရန်မြေကွက်အား ဦးလေး ဦးအောင်သန်း(လူပျိုဘဝ)၊ ဖခင်ဦးစု၊ မိခင်ဒေါ်သန်းရီတို့ကွယ်လွန်၍ ကျန်ရစ်သူတူမ၊ သားသမီးများဖြစ်ကြသော ဒေါ်စိုးစိုး ၉/မခန(နိုင်)၁၄၂၃၆၈၊ ဒေါ်သန်းဆင့် ၉/မနမ(နိုင်)၀၅၈၃၉၄ တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၇၊ ဦးပိုင်အမှတ်(၄၈)/ ၄၈ x ၄၉ ကြား၊ ၁၀၈ x ၁၀၉ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း တသ-ဦးမြင့်စိုးကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်မြင့်မြင့်ဆွေ ၉/အမရ(နိုင်)၀၀၃၂၉၀ က တောဂရန် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၁၆၊ ဦးပိုင်အမှတ်(၃၁+၃၂)၊ ၅၄လမ်း၊ ၁၁၂ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်သန်းဦး၏ (S.P ရရှိသူ ဦးမောင်မြင့်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၂၉၉၈/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သက်ဝါစိုး ၉/မဟမ(နိုင်)၀၁၁၇၆၀ က အမှုတွဲအမှတ် ၅၃၂/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်း အမှတ်(၂၃)၊ ဦးပိုင်အမှတ် (၄၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် မူလက ဒေါ်ခင်ဝင်း(ခ)ခင်ဝင်းမာ၊ ဦးထွန်းဝေ၊ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ခင်ဖြူ၊ ဦးသန်းဝင်း၊ ဒေါ်မူမူဝင်း (၆)ဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၄၉၆/V၂၀၂၀-၂၀၂၁ အရ ၄-၁၀-၂၀၅၁ ရက်ထိ နှစ်(၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ (၆)ဦးအနက် (၃)ဦးက ၂၈-၄-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၀၅/၂၀၂၃) အရ မူလခြံမြေဧရိယာ ၀ ဒသမ ၁၁၀ ဧကအနက် တောင်ဘက်ခြမ်း ဧရိယာ ၀ ဒသမ ၀၅၅ ဧကအား ဒေါ်ခင်ဖြူ ၁/မကန(နိုင်)၀၂၁၅၆၆၊ ဒေါ်နွယ်နွယ်ဝင်း ၁/ကမန(နိုင်)၀၁၇၀၂၅၊ ဦးသန်းဝင်း ၁/မကန(နိုင်) ၀၂၁၅၆၅ (၃)ဦးထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်ဖြူပါ (၃)ဦးအမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်လျော့) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၂၃)၊ ဦးပိုင်အမှတ်(၄၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် မူလက ဒေါ်ခင်ဝင်း(ခ)ခင်ဝင်းမာ၊ ဦးထွန်းဝေ၊ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ခင်ဖြူ၊ ဦးသန်းဝင်း၊ ဒေါ်မူမူဝင်း (၆)ဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၄၉၆/V၂၀၂၀-၂၀၂၁ အရ ၄-၁၀-၂၀၅၁ ရက်ထိ နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ (၆)ဦးအနက် (၃)ဦးက ၂၈-၄-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၂၀၄/၂၀၂၃) အရ မူလခြံမြေဧရိယာ ၀ ဒသမ ၁၁၀ ဧကအနက် မြောက်ဘက်ခြမ်း ဧရိယာ ၀ ဒသမ ၀၅၅ ဧကအား ဒေါ်မူမူဝင်း ၁/မကန(နိုင်)၀၂၁၅၆၇၊ ဒေါ်ခင်ဝင်း(ခ)ခင်ဝင်းမာ ၁/ကမန(နိုင်) ၀၆၄၅၁၇၊ ဦးထွန်းဝေ ၁/မကန(နိုင်)၀၂၁၄၄၄ (၃)ဦးထံသို့ အပြီးအပိုင် စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ဒေါ်မူမူဝင်း ပါ(၃)ဦး(၎င်းတို့၏ အထူးကိုယ်စားလှယ် လွှဲစာရရှိသူ ဦးလင်းဖေ) က ၂၀-၇-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၃၃၉/၂၀၂၃)အရ ဦးမင်းနိုင် ၁/မကတ(ဧည့်)၀၀၀၈၅၅ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပြီးဖြစ်ပါသဖြင့် ယခုအခါ ဦးမင်းနိုင် အမည်ဖြင့် (ဦးပိုင်ခွဲ/အမည်ပြောင်း) မြေငှားဂရန် လျှောက်ထားလာမှုအပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၅)၊ ဦးပိုင်အမှတ်(၁၃၁)၊ မြေဧရိယာ ၀ ဒသမ ၁၀၃ ဧကရှိ မြေကွက်သည် မူလက ဦးသိန်းမောင်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၈၃၁/V၂၀၁၉-၂၀၂၀ အရ ၁၁-၂-၂၀၅၂ ရက်ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဦးသိန်းမောင်နှင့် ဇနီးဒေါ်တင်တင်တို့(၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ သား/သမီးများဖြစ်သည့် ဒေါ်လဲ့လဲ့ဌေး၊ ဦးအောင်လင်း(ခ)မောင်မောင်ကြီး၊ ဒေါ်စမ်းစမ်းအေး (ခ) စန်းစန်းအေးတို့ (၃)ဦးက ၄-၇-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၉၁/၂၀၂၂)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၂၅-၇-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၆၉/၂၀၂၂)အရ အမွေဆိုင် (၃)ဦးအနက် (၂)ဦးက ဒေါ်လဲ့လဲ့ဌေး ၁/မကန(နိုင်)၀၁၈၄၇၈ ထံသို့ မူလမြေဧရိယာ ၀ ဒသမ ၁၀၃ ဧကအနက်မှ အနောက်ဘက်ခြမ်းဧရိယာ ၀ ဒသမ ၀၃၇ ဧကအား အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ဒေါ်လဲ့လဲ့ဌေးက ၎င်းရရှိသည့် အပိုင်းကို ၁၄-၉-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၂၃/၂၀၂၃)အရ ဒေါ်သီတာ ၁/မကန(နိုင်)၁၀၄၈၆၂ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်သီတာ အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၈၂

၁။ ဒေါ်မြင့် **နှင့်** ဒေါ်မြခင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ-ဒေါ်ခင်သိန်း)
၂။ ဒေါ်မေဇော်ဝင်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် (ဖဖ-၈)၊ ၄၇လမ်း+၁၁၀(စီ)လမ်းထောင့်နေ ဒေါ်မြခင် (ဘ) ဦးအေး (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ခင်သိန်း (ဘ) ဦးလှရှင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မြင့်ပါ ၂ဦးက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဖဖ-၈)၊ ဦးပိုင်အမှတ်(၄၄) ဧရိယာ ၀ ဒသမ ၀၅၅၁ အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၄ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မဂျီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်ဇဇ-၁၇၊ ဦးပိုင်အမှတ်(၅၆)၊ ၄၈လမ်း၊ ၁၀၈ x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသိန်းကျော်၏ (S.P ရရှိသူ ဒေါ်ကြူကြူ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၀၂၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လီခိုက်ရှန်း ၁၃/ကခန(နိုင်)၁၄၃၀၁၇ က အမှုတွဲအမှတ် ၅၂၃၃/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၁၄၊ ဦးပိုင်အမှတ်(၁၃)၊ ၆၄ x ၆၅ လမ်း၊ ကုသိုလ်တော်နှင့် ပရန်တော်ချောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်ဝိ (ခ) ဟန်တင် ၉/မရမ(နိုင်)၀၂၆၉၈၁ က အမှုတွဲအမှတ် ၅၂၅၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွာနုတ္တသမီးအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မော်လမြိုင်မြို့နယ်၊ သီရိမြိုင်ရပ်ကွက်၊ မြလမ်း၊ အမှတ်-၃၄ နေ ဦးမင်းကိုကို ၁၀/မလမ(နိုင်)၀၈၆၃၄ နှင့် ဒေါ်ခင်မာဦး ၁၀/မလမ(နိုင်) ၀၇၇၄၅၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏သမီးဖြစ်သူ မပိုးမြတ်နိုး ၁၀/မလမ(နိုင်) ၂၆၆၀၁၇ သည် မိဘများ၏ ပြောဆိုဆုံးမမှုအား လိုက်နာခြင်းမရှိသည့်အပြင် မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပြီး မိဘများမှ နည်းမျိုးစုံဖြင့် ဆက်သွယ်ခေါ်ယူသော်လည်း လက်ခံခြင်းမရှိသောကြောင့် မိဘများဖြစ်သော ကျွန်ုပ်မိတ်ဆွေများတွင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ခြင်းများ ခံစားလျက်ရှိနေပါသည်။ သမီးဖြစ်သူ မပိုးမြတ်နိုးအား ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကာယကံရှင်ဖြစ်သူ မပိုးမြတ်နိုးနှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

ဤကြော်ငြာစာသတင်းစာတွင်ပါသည့်ရက်မှစ၍ မပိုးမြတ်နိုးသည် ကျွန်ုပ်မိတ်ဆွေများ၏ အမွေစားအမွေခံသမီးတစ်ဦး မဟုတ်တော့သောကြောင့် ကျွန်ုပ်မိတ်ဆွေများနှင့် အဆက်အသွယ်အပြောအဆိုပြုလုပ်ခြင်းအား လုံးဝမပြုလုပ်ရန်ကိုလည်း အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**ဦးမင်းကိုကို ဒေါ်ခင်မာဦး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖေမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၄၀၂ (၂-၁၀-၂၀၁၂)**
**အမှတ် - ၃၈၊ မြလမ်း၊**
**သီရိမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့။**
**ဦးနေလင်းထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၅၀၄၁ (၄-၁၂-၂၀၁၈)**
**အမှတ်(၂၃၁)၊ တံတားပိုင်းရပ်၊**
**ဘလောက်-ညောင်ဝိုင်းကျေးရွာ၊**
**မုဒုံမြို့နယ်။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒိုက်ဦးမြို့၊ အထက(ဖောင်တော်သီ) အထက်တန်းကျောင်းအုပ် ဒေါ်စိန်စိန်သန်း ၇/သနပ(နိုင်)၀၆ ၃၃၃၁ ၏ ဖခင် ဦးကျင်ကြူးနှင့် ဦးကျင်ကျူး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျင်ကြူး(ခ)ဦးကျင်ကျူး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ စမ်းမကြီးရွာနေ (ဘ)ဦးလှမြင့်၏သား မောင်ဇော်ဝင်းနိုင် ၈/သရန(နိုင်)၀၈၁၂၄၃ ၏ နိုင်ငံကူးလက်မှတ် အမှတ် MD 654797 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉ ၅၅၄ ၄၂၃ ၇၃၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် (၇၄၁)၊ ဦးပိုင်အမှတ်(၁၀၀)၊ ၇၂x၇၃လမ်းကြား၊ ၃၂x၃၃လမ်းကြားရှိ ဦးမောင်လှ၊ ဒေါ်လှိုင်ယဉ်မွှေး အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်) ဦးမောင်လှ၊ (မိခင်) ဒေါ်လှိုင်ယဉ်မွှေး၊ (သား) ဦးဇော်မင်းဦး၊ (လူပျိုကြီးဘဝ)ဖြင့် အသီးသီး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၃၇၅၆/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ကျန်သား၊ သမီးများဖြစ်သည့် ဒေါ်ခင်လှရီ၊ ဒေါ်ရီရီလွင်၊ ဦးဇော်လွင်၊ ဒေါ်ခင်ဝေလွင်၊ ဒေါ်ခင်မာလွင်၊ ဒေါ်လပြည့်ဝိုင်းတို့၏ (SPရသူ ဦးခိုင်လင်း) တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၂၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးနိုင်ထွန်း ၅/ကဘလ(ဧည့်)၀၀၀၀၁၃၊ ဒေါ်နွေးနွေးစိုး ၅/ပလဘ(နိုင်) ၀၀၀၀၂၅ တို့က အမှုတွဲအမှတ် ၄၀၄၃/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၉၊ ဦးပိုင်အမှတ်(၁၃) ခဲစင်းအရှေ့ဘက်ခြမ်း/ ၁၀၇ x ၁၀၈ လမ်း၊ ၅၁ x ၅၂ လမ်းကြားရှိ တပ်သားသန်းထွန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်သန္တာကြူ၊ ဒေါ်သောင်းသောင်းဌေးတို့က တရားပြိုင်တပ်သားသန်းထွန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် မဟာအောင်မြေခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၀၅၂/၂၀၂၂)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်သန္တာကြူ ၉/မနတ (နိုင်) ၁၀၁၆၀၇ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်၊ (၁၂) ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ် (၈၄၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်ခွဲတိုက်၏ ၆-လွှာ(အေ)၊ (တိုက်ရှေ့ မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း(၁၉x၅၄)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအောင်အောင်ကျော်စိုး ၁၂/မဂတ(နိုင်)၀၀၂၀၄၇ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဟန်လင်းအောင် ၈/မကန(နိုင်)၁၆၀၁၄၂ က အပြီးပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ် စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ၂၀ )
## ပြည်ကြီးတံခွန်မြို့ နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၁

ဒေါ်နန်းထွမ်းအေး **နှင့်** ဒေါ်မာလာ
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (ဒဒ-၁၃)၊ (ဆ)ရပ်ကွက်နေ ဒေါ်မာလာ(ဘ)ဦးလှမောင်(NOKA-030074)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်နန်းထွမ်းအေးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက် များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11U/6810 BAJAJ-200, 3Wheel vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေငြိမ်းသူ ၉/မနမ(နိုင်)၁၀၀၅၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/31113 Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်မာဖြိုး ၅/စကန(နိုင်) ၀၈၇၆၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၃၅၉၆၀ Canda-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီတာ ၈/ရနခ(နိုင်) ၁၄၀၈၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## မွေးသက္ကရာဇ်အမှန်အား အများသိစေရန် ကြေညာခြင်း

ဦးသောင်းရွှေ-ဒေါ်ရင်ရင်မြတို့၏ သမီးဖြစ်သူ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC)(Grade 11-F)မှ မသိမ့်သိမ့်သင်း၏ မွေးသက္ကရာဇ်အား ကျောင်းဝင်ခွင့်ကတ်ပြားတွင် ၁၄-၁-၂၀၀၇ ဟု မှားယွင်းဖော်ပြမိခဲ့သဖြင့် ၎င်း၏မွေးသက္ကရာဇ် အမှန်မှာ ၁၄-၉-၂၀၀၇ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-ဒရပ်ကွက်၊ အကွက်အမှတ် (ဒ-၂)၊ ဦးပိုင်အမှတ်(၂၀)၊ ၆၄x၆၅ လမ်းကြား၊ ၃၇x၃၈ လမ်းကြားရှိ ဦးတင်ဝင်း အမည်ပေါက် ဂရန်မြေကွက်အား တရားဝင်သက်သေခံ အထောက်အထားဖြစ်စိမ့်သောငှာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက် မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၅၁၄)တွင် မြေကွက်အရောင်းအဝယ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားမဇာရီမှုအမှတ် (၅၄၃/၂၀၂၂)တွင် ချမှတ်သော ၁-၆-၂၀၂၂ ရက်စွဲပါအမိန့်အရ ဦးတင်ဝင်း (ကိုယ်စား ဒေါ်အေးစန္ဒာသန့်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၇၂၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန်းသီတာ ၇/ရတရ(နိုင်) ၀၄၃၃၀၅ က အမှုတွဲအမှတ် ၅၂၂၀/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

❖ စည်းကမ်းဟူသည် တူညီသည့် သွင်ပြင်လက္ခဏာ၊ နေထိုင် လှုပ်ရှားမှုများ ရရှိရန် ကန့်သတ်ထားမှုများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင်ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ကျောက်ဆည်ဆင်ပွဲတော်နှင့် ဆင်ရုပ်လှူသည့်ဓလေ့ကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရန် ဆင်အကပညာရှင်များ ပါဝင်ဆောင်ရွက်လို

ကျောက်ဆည် နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ သီတင်းကျွတ် ကျောက်ဆည် ဆင်ပွဲတော်နှင့် ဆင်ရုပ်လှူဒါန်းသည့်ဓလေ့ကို ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့သည်။

သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၂၈ ရက်)တွင် ကျောက်ဆည်ဆင်ပွဲတော်နှင့် ဆင်အကပြိုင်ပွဲပြုလုပ်ခဲ့ပြီး သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၉ ရက်)တွင် ဆင်အရုပ်လှူဒါန်းခဲ့သည်။

ယခုနှစ်တွင် ကျောက်ဆည် ဆင်ပွဲတော်ကို တက်ရောက်ပါဝင်ခဲ့သည့် ဆင်ကောင်ရေ ၁၀၀ ကျော်ရှိပြီး ရိုးရာသဘာဝဆင်နှစ်ကောင်အပါအဝင် ပြိုင်ပွဲဝင်ဆင်ကောင်ရေ စုစုပေါင်း ၁၉ စီး ရှိခဲ့သည်။ ကျောက်ဆည်ဆင်ပွဲတော်နှင့် ဆင်လှူဒါန်းသည့်

*စာမျက်နှာ ၁၄ ကော်လံ ၅*○




ယနေ့ သတင်းအညွှန်း

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများဂုဏ်ပြုပေးအပ် — ပြည်တွင်းသတင်း စာ ၁၀

အစ္စရေး - ဟားမားစ်တို့၏ ပဋိပက္ခအတွင်း သေဆုံးသူပေါင်း ၁၀၀၀၀ ကျော်ရှိလာ — နိုင်ငံတကာသတင်း စာ ၁၃

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း စာ ၁၇




# နယူးကာဆယ်ကို ဂိုးပြတ်ရှုံးနိမ့်ပြီး မန်ယူအသင်း ပြိုင်ပွဲမှ ထွက်ခွာခဲ့ရ

အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ စတုတ္ထအဆင့်မှ မန်ယူနှင့် နယူးကာဆယ်အသင်းပွဲစဉ်ကို နိုဝင်ဘာ ၂ ရက် နံနက် ၂ နာရီ ၄၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ နယူးကာဆယ်အသင်းက ဂိုးပြတ်နိုင်ပွဲဖော်ဆောင်ပြီး နောက်တစ်ဆင့်သို့ ထိုက်ထိုက်တန်တန်တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်ကို အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၇၂၀၀၀ ကျော် လာရောက်ကြည့်ရှုသည်။ မန်ယူအသင်းသည် ပြီးခဲ့သည့်ပွဲစဉ်၌

*စာမျက်နှာ ၁၄ ကော်လံ ၁*❖

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Friday Night Live Show တွင် ပါဝင်ဖျော်ဖြေကြမည့် ကိုရီးယားအနုပညာရှင် ခြောက်ဦးနှင့် ပညာရှင်များပါဝင်သည့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂

မြန်မာ – ကိုရီးယား ယဉ်ကျေးမှုဖလှယ်နိုင်ရန်နှင့် Korea K – Pop အနုပညာနှစ်ခြိုက်သူများ ကြည့်ရှုနားဆင်နိုင်ရန်အတွက် မြန်မာ – ကိုရီးယားမော်ဒန် Musical Show ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက Friday Night Live Show အဖြစ် တင်ဆက်သွားမည်ဖြစ်ရာ ပါဝင်ဖျော်ဖြေကြမည့် ကိုရီးယားအနုပညာရှင် ခြောက်ဦးနှင့် ပညာရှင်များပါဝင်သည့်အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁*✻

